မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်၊ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီ ၂၂ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၄၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရင်ပြင်တော်အရှေ့မြောက်ထောင့်ရှိ မဟာပါသာဒဘူမိ ဂန္ဓကုဋိကျောင်းဆောင်တော်အတွင်း၌ ကိန်းဝပ်စံပယ်အပူဇော်ခံတော်မူမည့် မဟာဆုတောင်းပြည့်ဘုရားကြီးနှင့် ဥပ္ပါတသန္တိစေတီတော်အထွတ်၌ တင်လှူပူဇော်မည့်

ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ပင့်ဆောင်ခြင်း၊ မဟာတံခွန်တိုင်တော် ဖွင့်လှစ်ခြင်းနှင့် ဗုဒ္ဓဝေယျာဝစ္စကုသိုလ်တော် ရေစက်ချမင်္ဂလာအခမ်းအနားကျင်းပ

ရတနာ စိန်ဖူးတော်

ဥပ္ပါတသန္တိစေတီတော်အထွတ်၌ တင်လှူပူဇော်မည့် ရတနာစိန်ဖူးတော်။

(သတင်းစဉ်)

ပင့်ဆောင်

ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ မဟာဆုတောင်းပြည့် ဘုရားကြီးအား ဂန္ဓကုဋိ ကျောင်းဆောင်တော်အတွင်းရှိ ဗုဒ္ဓါသန ပလ္လင်တော်ဌာနသို့ ပင့်ဆောင်ကြစဉ်။

(သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂၁

နေပြည်တော် ဥပ္ပါတသန္တိကုန်းတော်ပြင်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရင်ပြင်တော် အရှေ့မြောက်ထောင့်ရှိ မဟာပါသာဒဘူမိ ဂန္ဓကုဋိကျောင်းဆောင်တော်အတွင်း၌ ကိန်းဝပ်စံပယ် အပူဇော်ခံတော်မူမည့် မဟာဆုတောင်းပြည့်ဘုရားကြီးနှင့် ဥပ္ပါတသန္တိစေတီတော်အထွတ်၌ တင်လှူပူဇော်မည့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ပင့်ဆောင်ခြင်း၊ မဟာတံခွန်တိုင်တော်ဖွင့်လှစ်ခြင်းနှင့် ဗုဒ္ဓဝေယျာဝစ္စကုသိုလ်တော်ရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်၌ ကျင်းပသည်။

တက်ရောက်ကြည်ညို

အဆိုပါမင်္ဂလာအခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်တည်ဆောက်ရေး ဩဝါဒါစရိယ ဆရာတော်ကြီးများ ဖြစ်တော်မူကြသည့် နိုင်ငံတော်ဩဝါဒါစရိယ နေပြည်တော်ပျဉ်းမနား မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် နေပြည်တော် တပ်ကုန်း ငွေတောင်တောရကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသိရီတို့ အမှူးပြုတော်မူသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ဥပ္ပါတသန္တိစေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်

စာမျက်နှာ ၈ ကော်လံ ၁ ✻

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်)

အသိပညာဗဟုသုတတိုးပွားရေး စာပေဖတ်ရှုလေ့လာ ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်း

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရေးသည် အဓိကကျလှသည်။

နိုင်ငံတော်အစိုးရသည် မြို့ပြနှင့်ကျေးလက်ဒေသ ကွာဟချက်မရှိရန် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းချမှတ် အကောင်အထည်ဖော်လျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာ၌ ကျေးလက်ပြည်သူများ အသိပညာဗဟုသုတတိုးပွားရန် ကျေးလက်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို နိုင်ငံအနှံ့ ထူထောင်ပေးလျက်ရှိသည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကို အခြေခံသည့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံဖြစ်လာရန် ကြိုးပမ်းဆောင်ရွက်ရာ၌ ကျေးရွာစာကြည့်တိုက်များသည် အခြေခံအကျဆုံး ဖြစ်ပေသည်။

ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ပေါ်ပေါက်ရေးကို ၂၀၀၃ခုနှစ်ကတည်းက စတင်အကောင်အထည်ဖော်ခဲ့ရာ နိုင်ငံအတွင်းရှိ တိုင်းရင်းသားအားလုံး၏ ဗီဇကိုယ်ရည်ကိုယ်သွေးအစွမ်းကုန် ပွင့်လန်းလာရန်မှာ စာဖတ်ခြင်းပင်ဖြစ်သည်။

တည်ထောင်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ တိုးတက်ရေးအတွက် သတ်မှတ်စံ(၅)ရပ်နှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များအောင်မြင်ရန် ဖော်ဆောင်ရာ၌ စာကြည့်တိုက်များသည် အထောက်အကူပြု စွမ်းဆောင်နိုင်မည်ဖြစ်သည်။ ယနေ့ကမ္ဘာ့အင်အားကြီးနိုင်ငံအချို့သည် နိုင်ငံငယ်လေးများ၏ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး ယဉ်ကျေးမှုကဏ္ဍကို မီဒီယာဖြင့် ထိုးဖောက်ရန်၊ ကြိုးကိုင်ခြယ်လှယ်ရန် ကြံစည်လုပ်ဆောင်လျက်ရှိသည်။ ယင်းသို့ ခြယ်လှယ်မခံရစေရန်၊ အသိပညာဗဟုသုတရှိရန်လိုအပ်ပြီး ခေတ်နှင့်အညီ ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို စာပေဗဟုသုတမှတစ်ဆင့် ရှာဖွေလေ့လာနိုင်ကြမည်ဖြစ်သည်။

သို့ဖြစ်ပေရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရာတွင် တိုင်းရင်းသားပြည်သူများသည် နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ရေးအတွက် စာပေများဖတ်ရှုလေ့လာပြီး စာပေဗဟုသုတများ ပြည့်စုံကြွယ်ဝရန် ကြိုးပမ်းရင်း စာကြည့်တိုက်များ ရေရှည်တည်တံ့နိုင်ရေးအတွက်လည်း ဝိုင်းဝန်းထိန်းသိမ်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အလုပ်သမားဝန်ကြီး ဦးအောင်ကြည်အား ဗြိတိန်နိုင်ငံ သံအမတ်ကြီး တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E. Mr. Mark Canning သည် ဖေဖော်ဝါရီ ၁၇ရက် မွန်းလွဲပိုင်းက နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် တင်ထွန်းအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၂-၂-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မိုးချစ်တပ်မတော်
၁၁း၂၅	၄။	ကာတွန်းအစီအစဉ် **ဂျူမိုမင်းသားလေး** (အပိုင်း-၂၆)
၁၂း၀၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ပျော်ပွဲစား**
၁၃း၃၀	၆။	ကျန်းမာသုတ
၁၃း၄၅	၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်**(အပိုင်း-၂၄)

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မိုးချစ်တပ်မတော်
၄း၁၅	၄။	ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၂၀	၅။	၂၀၀၉ခုနှစ်တက္ကသိုလ်ဝင်တန်း စာမေးပွဲအထောက်အကူပြု သင်ခန်းစာ (အင်္ဂလိပ်စာ အပိုင်း-က)
၄း၄၅	၆။	မြန်မာသံစဉ်ချိုနားဝင်
၄း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀	၈။	သံစဉ်များနှင့်ကမ္ဘာ
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၃၅	၁၂။	ကမ္ဘာ့အံ့ဖွယ်မျက်လှည့်ပညာရှင်များ
၆း၄၅	၁၃။	လျှပ်တစ်ပြက်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၅၅)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	ပဟေဠိနန်းတော်
	၁၉။	ကျန်းမာသုတ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၂၈)



ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ကော့မှူးမြို့နယ် စည်ပင်သာယာရေးလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်သည် ဖေဖော်ဝါရီ ၇ ရက်က ကော့မှူးမြို့နယ်တွင် မိုးတွင်းကာလ ရေတိုက်စား၍ ပျက်စီးနေသော ကော့မှူး-ထမ္ဘနိုင်-မဝန်း-ဝါးဘလောက်သောက် ကျေးရွာချင်းဆက် ကျောက်ချောလမ်းနှင့် ယင်းလမ်းပေါ်ရှိ သစ်သားတံတားများ ကြံ့ခိုင်ကောင်းမွန်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြကြပြီး ညွှန်ကြားရေးမှူးက လိုအပ်သည်များကို မှာကြားသည်။ (အပေါ်ပုံ)

ကြည့်ရှုစစ်ဆေး

ယင်းနောက် ညွှန်ကြားရေးမှူးနှင့် အဖွဲ့သည် ကော့မှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော အရှည် ပေ၅၂၈၀၊ အကျယ် ၁၈ပေရှိ ဝါးဘလောက်သောက်-ကမာပတ်ကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လမ်းဘေးဝဲယာ၌ အရိပ်ရပင်များ စိုက်ပျိုးရေး၊ လမ်းဘေးရေနုတ်မြောင်းများ စနစ်တကျတူးဖော်ရေး၊ ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် မြေသားလမ်းများကို ကျေးရွာအနှံ့ လမ်းကွန်ရက်သဖွယ် တစ်နှစ်ထက်တစ်နှစ် တိုးချဲ့ဖောက်လုပ်သွားရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ဝက်လေးကျေးရွာ စက်ရေတွင်းကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေက ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

တိုင်းစည်ပင် ညွှန်မှူး ထပ်ဆင့်ရှင်းလင်း

ညောင်လေးပင် ဖေဖော်ဝါရီ ၂၁

ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချိုသည် ဇန်နဝါရီ ၃၁ရက်က ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရောက်ရှိပြီး စည်ပင်သာယာရေးဦးစီးဌာနတွင် ကျင်းပသော စည်ပင်သာယာရေးအဖွဲ့များ၏ ဒုတိယလေးလပတ်အစည်းအဝေးမှ ဝန်ကြီး၏ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားရာ အမှုဆောင်အရာရှိနှင့် ဝန်ထမ်း ၃၅ဦး တက်ရောက်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၂-၂၀၀၉ (တနင်္ဂနွေနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**ဒါရုက္ခန္ဓောပမသုတ္တန်** တရားတော် (ရေနံချောင်းဆရာတော် ဘဒ္ဒန္တဇနိတ)
၈း၀၀-၂း၀၀	Sunday Talk [ကိုကို (စက်မှုတက္ကသိုလ်)၊ မျိုးမြတ်သူ]
၈း၅၀-၂း၅၀	Soccer Update
၉း၁၀-၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀-၃း၂၀	ရာဇဝင်မြစ်ကမ်းပေါ်မှ …နားခိုရာ
၉း၅၀-၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅-၃း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀-၄း၀၀	ကမ္ဘာ့အားကစားဇာတ်ခုံ
၁၀း၂၀-၄း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅-၄း၃၅	အနာကြီးရောဂါကင်းဝေးရေး ဆောင်ရွက်ချက်များ (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာကျော်မြင့်)
၁၁း၀၀-၅း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀-၅း၁၀	မြေလတ်ရဲ့ဆည်ကန်သာ မဒေးရေလှောင်တမံပါ
၁၁း၂၅-၅း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀-၅း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၅-၅း၃၅	Activities in the City (ရန်ကုန်စက်မှုတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲ)
၁၁း၅၅-၅း၅၅	ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ ညွှန့်ညွှန့်စိန်)
၁၂း၂၅-၆း၂၅	International Video Topics (ကမ္ဘာ့ဦး သတ္တဝါကြီးအား ခွဲစိတ်ခြင်း)
၁၂း၅၀-၆း၅၀	ကြည်ညိုဖူးမြော် ရှင်ပင်စက္ကိန်းတဲ စေတီတော်
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၅၅	Fulham-West Bromwich	ESPN (Live)
၉း၂၅	Liverpool-Man City	Star Sports (Live)
၁၀း၂၅	Newcastle-Everton	ESPN (Live)

ဖေဖော်ဝါရီ ၁၃ရက်က စမ်းချောင်းမြို့နယ် အမက(၁၈) ကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာရည်ချွန်ဆုပေးပွဲတွင် ပညာရည်ချွန်ဆုရ ဒုတိယတန်းကျောင်းသူ မဝါဝါခိုင်အား ကျောင်းအုပ်ဆရာကြီးဦးအေးရွှေက ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။ (ပညာရေး)

နိုင်ငံတစ်ဝန်း စိုက်ပျိုးရေရရှိရေးအတွက် နိုင်ငံတော်အစိုးရ၏ အကောင်အထည်ဖော် ဆောင်ရွက်ချက်များ

စိုက်ပျိုးမြေဧက၂၆၀၀အတွက် တစ်နှစ်ပတ်လုံးစိုက်ပျိုးရေပေးဝေလျက်ရှိသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့နယ်ရှိ မုံးရင် ရေလှောင်တမံကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ဆန့်ကျင်ဘက်အဖွဲ့များက ပြည်သူအား ရိုးရိုးသားသား စည်းရုံးဆောင်ရွက်ခြင်းမပြုဘဲ လျှပ်စစ်မီးနှင့် သောက်သုံးရေကိစ္စကို ခုတုံးလုပ်ပြီး မျက်လှည့်ပြ သွေးထိုးလှုံ့ဆော်ရန် မရိုးမသား ကြိုးပမ်းကြံစည်နေကြသည်။

နိုင်ငံတော်အနေဖြင့် နိုင်ငံနှင့်ပြည်သူအားလုံးအတွက် လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေးကို အဘက်ဘက်က အားတက်သရော ကြိုးပမ်း ဖော်ဆောင်ပေးလျက်ရှိသည်။

နိုင်ငံတစ်ဝန်းတွင် စိုက်ပျိုးရေရရှိရေးအတွက် နိုင်ငံတော်အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်ပေးထားမှုများအား အောက်ဖော်ပြပါဇယားကို ကြည့်ခြင်းအားဖြင့် ထင်ရှားပေါ်လွင်စွာ သိရှိနိုင်ပါသည်-

အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၃၁-၁-၂၀၀၉	တိုးတက်မှု
ဆည်တမံပေါင်း	ခု	၁၃၈	၃၅၆	၂၁၈
မြစ်ရေတင်လုပ်ငန်းပေါင်း	ခု	၄	၃၂၂	၃၁၈
မြစ်ရေတင်လုပ်ငန်းမှ အကျိုးပြုဧက	ဧကသိန်း	၀·၁၄	၅·၁၄	၅
မြေအောက်ရေတွင်းပေါင်း				
- စက်ရေတွင်း	ခု	-	၄၈၉၃	၄၈၉၃
- လက်ရိုက်တွင်း	ခု	-	၂၉၇၃	၂၉၇၃
မြေအောက်ရေတွင်းများမှ အကျိုးပြုရေသောက်ဧရိယာ	ဧက	-	၉၆၀၀၀	၉၆၀၀၀

အလားတူ မန္တလေးတိုင်းအတွင်း စိုက်ပျိုးရေ ရရှိရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးထားမှုများအား အောက်ဖော်ပြပါဇယားကို ကြည့်ခြင်းအားဖြင့် ထင်ရှားပေါ်လွင်စွာ သိရှိနိုင်ပါသည်။

အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၃၁-၁-၂၀၀၉	တိုးတက်မှု
ဆည်တမံပေါင်း	ခု	၆၁	၁၁၃	၅၂
တည်ဆောက်ဆဲ ဆည်တမံပေါင်း	ခု	-	၇	၇
တည်ဆောက်ရန် လျာထားဆည် တမံပေါင်း	ခု	-	၁၀	၁၀

နိုင်ငံတော်အနေဖြင့် နိုင်ငံနှင့် ပြည်သူအားလုံးအတွက် လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေးကို အဘက်ဘက်က အားတက်သရော ကြိုးပမ်း ဖော်ဆောင်ပေးလျက်ရှိ။

မြစ်ရေတင်စီမံကိန်း

စစ်ကိုင်းတိုင်း မုံရွာမြို့ ချင်းတွင်းမြစ်ကမ်း(မြစ်ရေတင်စီမံကိန်း)ကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

စိုက်ပျိုးမြေဧက ၁၀၀၀၀ ကို အကျိုးပြုလျက်ရှိသည့် မွန်ပြည်နယ် သထုံမြို့နယ်က ဆိပ်ကျွန်းရေထိန်းတံခါးကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

22-2 (03).pmd 1 2/22/2009, 2:04 AM

တရုတ် ဟောင်ကောင်ဒေသ၌ နိုင်ငံခြားပို့ကုန် ကျဆင်းမှုကြောင့် ကုန်သေတ္တာတင်ကားများ ရပ်နားထားရသည်ကို ဖေဖော်ဝါရီ ၂၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

လုံခြုံရေးအပါအဝင် တစ်ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများ တစ်ကမ္ဘာလုံးက တုံ့ပြန်ရန်လိုဟု အိုဘားမားပြောကြား

အော့တဝါ ဖေဖော်ဝါရီ ၂၁

အမေရိကန်နိုင်ငံက စွမ်းအင်၊ ကုန်သွယ်ရေး၊ စီးပွားရေးနာလန်ထူရေးနှင့် အာဖဂန်နစ္စတန်အရေးတို့တွင် ကနေဒါနိုင်ငံနှင့် လက်တွဲဆောင်ရွက်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ အိုဘားမားက ကတိပြုပြောကြားသည်။

ပြောကြား

သမ္မတအိုဘားမားသည် ပထမဦးဆုံး ပြည်ပခရီးစဉ်အဖြစ် ကနေဒါနိုင်ငံသို့ရောက်ရှိပြီး ကနေဒါဝန်ကြီးချုပ် စတီဖင်ဟာပါနှင့် ပူးတွဲ သတင်းစာရှင်းလင်းပွဲတွင် အမေရိကန်သမ္မတအိုဘားမားက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

တုံ့ပြန်

လုံခြုံရေးအပါအဝင် တစ်ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများမှာ တစ်ကမ္ဘာလုံးက တုံ့ပြန်ရန်လိုအပ်ကြောင်း၊ ၂၀၁၁ခုနှစ်တွင် အာဖဂန်နစ္စတန်မှ ကနေဒါတပ်ဖွဲ့ဝင်များ ရုပ်သိမ်းမည့် အစီအစဉ်နှင့်ပတ်သက်၍ ၎င်းအနေဖြင့် ကနေဒါဝန်ကြီးချုပ်ကို ဖိအားပေးမည်မဟုတ်ကြောင်း သမ္မတအိုဘားမားက ပြောကြားသည်၊

အာမခံ

မိမိတို့နိုင်ငံအနေဖြင့် ကိုယ်ကျိုးစီးပွား ကာကွယ်ရေးဝါဒကို ကျင့်သုံးမည်မဟုတ်ကြောင်း အကြီးဆုံးကုန်သွယ်ဖက် ဖြစ်သည့် ကနေဒါနိုင်ငံအား သမ္မတအိုဘားမားက အာမခံပြောကြားသည်။ **(အင်တာနက်)**

အေအိုင်ဒီအက်စ်ရောဂါသည်အများစု အမေရိကန် မြို့ကြီးများတွင် နေထိုင်သူများဖြစ်

ဝါရှင်တန် ဖေဖော်ဝါရီ ၂၁

အေအိုင်ဒီအက်စ်ရောဂါဖြစ်ပွားသည့် အမေရိကန်အများစုမှာ မြို့ကြီးများတွင် နေထိုင်သူများဖြစ်ကြောင်း၊ ထိုရောဂါဖြစ်ပွားသူ ၇၁ ရာခိုင်နှုန်းမှာ အမေရိကန်ပြည်နယ် ၁၀ ခုမှ ဖြစ်ကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန(စီဒီစီ)၏ စာရင်းဇယားများ၌ ဖော်ပြသည်။

ဖော်ပြ

၂၀၀၈ခုနှစ်အတွင်း အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုးတွေ့ရှိသူ ၈၈ရာခိုင်နှုန်းမှာ အမေရိကန် မြို့ကြီးများတွင် နေထိုင်သူများဖြစ်ကြောင်း စီဒီစီ၏ အသေးစိတ် စာရင်းဇယားများ၌ ဖော်ပြသည်။ ယင်းမှာ ၈၂ရာခိုင်နှုန်း ရှိခဲ့သည့် ၂၀၀၇ခုနှစ်ကထက် ပိုများလာခြင်း ဖြစ်သည်။

ကမ္ဘာတစ်ဝန်းတွင် အေအိုင်ဒီအက်စ်ဖြစ်စေမည့် အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုး တွေ့ရှိသူ ၃၃ သန်းခန့်ရှိပြီး ၂၅ သန်း သေဆုံးခဲ့ပြီဖြစ်သည်။ **အမ်အင်န်အေ၊ရိုက်တာ။**

လုံခြုံရေးကောင်စီ တိုးချဲ့ ဖွဲ့စည်းရေး ကုလသမဂ္ဂအဖွဲ့ဝင်များ ညှိနှိုင်း

ဂျီနီဗာ ဖေဖော်ဝါရီ ၂၁

အဖွဲ့ဝင် ၁၅နိုင်ငံပါဝင်သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီကို မျက်မှောက်ခေတ် ပကတိဖြစ်စဉ်များနှင့်အညီ တိုးချဲ့ဖွဲ့စည်းရေးကိစ္စကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ဖေဖော်ဝါရီ ၁၉ရက်တွင် စတင်ဆွေးနွေးကြသည်။

ဈေးစပ်ဆွေးနွေး

ကုလသမဂ္ဂအဖွဲ့ဝင် ၁၉၂နိုင်ငံအကြား ကုလသမဂ္ဂလုံခြုံရေးကောင်စီ တိုးချဲ့ရေးနှင့်စပ်လျဉ်း၍ ဈေးစပ်ဆွေးနွေးမှုများမှာ ၂၀၁၀ပြည့်နှစ်အထိ ကြာရှည်နိုင်ကြောင်း သံတမန်များက ပြောကြားသည်။

ရွေးချယ်

အရေးယူပိတ်ပင်ခွင့်နှင့် ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များ စေလွှတ်ခွင့်တို့ကို ကုလသမဂ္ဂပဋိညာဉ်စာတမ်းက ပေးအပ်ထားသည်။ လုံခြုံရေးကောင်စီတွင် လောလောဆယ် ဗီတိုအာဏာသုံးခွင့်ရ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံအဖြစ် **(အမေရိကန်၊ ရုရှား၊ ဗြိတိန်၊ ပြင်သစ်နှင့်တရုတ်)**တို့ရှိပြီး ဒေသကိုအခြေခံ၍ နှစ်နှစ်တစ်ကြိမ် ရွေးချယ်သည့် အဖွဲ့ဝင် ၁၀နိုင်ငံ ရှိသည်။

သဘောထားကွဲလွဲ

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအများစုက လုံခြုံရေးကောင်စီကို တိုးချဲ့ ဖွဲ့စည်းရန် လိုအပ်ကြောင်း သဘောတူကြသော်လည်း မည်သို့ တိုးချဲ့ဖွဲ့စည်းရမည်ဆိုသည့် ကိစ္စတွင် သဘောထားကွဲလွဲနေကြသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အီရန်၏ ယူရေနီယံသန့်စင်မှု နှေးကွေးသွား နျူလောင်စာစုဆောင်းမှု တိုးမြှင့်ပြုလုပ်လာ

ဗီယင်နာ ဖေဖော်ဝါရီ ၂၁

အီရန်နိုင်ငံက ယူရေနီယံသန့်စင်မှုလုပ်ငန်း ကျယ်ပြန့်စွာလုပ်ဆောင်မှုကို ဖြည်းဖြည်းခြင်း လျှော့ချနေကြောင်း၊ သို့ရာတွင် နျူကလီးယားလောင်စာစုဆောင်းမှု တိုးမြှင့်ပြုလုပ်လျက်ရှိကြောင်း နိုင်ငံတကာအဏုမြူစွမ်းအင် အေဂျင်စီ(အိုင်အေအီးအေ)က ဖေဖော်ဝါရီ ၁၉ရက်တွင် ထုတ်ပြန်သည့် အစီရင်ခံစာ၌ ဖော်ပြထားသည်။

ပြုလုပ်မည်

အီရန်က ယူရေနီယံ သန့်စင်သည့် စက်ဒလက်များတိုးမြှင့်ပြုလုပ်လျက်ရှိသည်ဟု အိုင်အေအီးအေက ပြောကြားသည်။ ယင်းသည် အရပ်ဘက် လျှပ်စစ်ဓာတ်အား သို့မဟုတ် အဏုမြူဗုံးအတွက် ရည်ရွယ်ပြီး ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက စက်ဒလက် ၁၃၆ခုမှ ၃၈၀၀အထိ တိုးမြှင့်ခဲ့သည်။

ပြီးခဲ့သည့်နှစ် ဩဂုတ်လ နောက်ပိုင်းတွင် စက်ဒလက်များ တပ်ဆင်မှု အတန်အသင့် နှေးကွေးခဲ့ကြောင်း ကုလသမဂ္ဂမှ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

မြင့်မား

သို့ရာတွင် အဆင့်နိမ့်သန့်စင်ပြီး ယူရေနီယံ လောင်စာစုဆောင်းမှုသည် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလအတွင်း ကီလို ၆၃၀မှ ကီလို ၁၀၁၀အထိနှင့် ဩဂုတ်လတွင် ကီလို ၄၈၀ အထိ ရောက်ရှိခဲ့သည်ဟု အီရန်က ဖော်ပြသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် ဖေဖော်ဝါရီ ၂၀ရက်က ကုန်တိုက်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်နေသည်ကို ဖေဖော်ဝါရီ ၂၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီတလီ သီလရှင်နှစ်ဦး ပြန်ပေးသမားတို့ ပြန်လွှတ်

ရောမ ဖေဖော်ဝါရီ ၂၁

ဆိုမာလီယာနှင့် ကင်ညာနယ်စပ်အနီးတွင် လွန်ခဲ့သည့်နှစ် နိုဝင်ဘာလအတွင်းက ဖမ်းဆီးပြန်ပေးဆွဲခံရသူ အီတလီ သီလရှင်နှစ်ဦးအား ပြန်ပေးသမားများက ပြန်လွှတ်လိုက်ပြီဖြစ်ကြောင်း အီတလီ နိုင်ငံခြားရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၉ ရက်၌ အတည်ပြုကြေညာသည်။

ခေါ်ဆောင်သွား

အဆိုပါ သီလရှင်နှစ်ဦးမှာ ကင်ညာနိုင်ငံ၌ နှစ်ပေါင်း ၂၀ကျော်နေထိုင်ပြီး မသန်စွမ်းသူများ စောင့်ရှောက်ရေးဌာနတွင် လုပ်ကိုင်နေကြသူများ ဖြစ်သည်။ ၎င်းတို့အား အယ်ဝပ်နယ်စပ်မြို့ကလေးမှ နိုဝင်ဘာလအတွင်းက ပြန်ပေးဆွဲခေါ်ဆောင်သွားခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ရုရှားနိုင်ငံ မြို့တော် မော်စကိုတွင် ၁၉၄၈ခုနှစ်က တည်ထောင်ခဲ့သော အလယ်တန်းကျောင်း တစ်ကျောင်း၌ ကျင်းပသည့် ပျော်ပွဲရွှင်ပွဲ၌ ကျောင်းသူလေးများက တရုတ်ရိုးရာအကဖြင့် ဖျော်ဖြေနေသည်ကို ဖေဖော်ဝါရီ ၂၁ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကြက်ငှက်တုပ်ကွေးရောဂါ လာအိုနိုင်ငံ၌ ဖြစ်ပွား

ဗီယန်ကျင်း ဖေဖော်ဝါရီ ၂၁

လာအိုနိုင်ငံ ဖွန်ဆာလီပြည်နယ် ခူအာခရိုင်တွင်ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားကြောင်း စမ်းသပ်တွေ့ရှိသဖြင့် ကြက် ၉၀၃ ကောင်နှင့်ဘဲ ၃၉ကောင် သုတ်သင်ခဲ့ရကြောင်း ပြည်နယ်ဆိုင်ရာ ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးအရာရှိအွန်မီဖေး၏ပြောကြားချက်ကိုကိုးကား၍ ဗီယင်ကျန်းတိုင်းမ်သတင်းစာ၌ ဖော်ပြသည်။

ယင်းရောဂါသည် လူတစ်ဦး တစ်ယောက်ကိုမျှ ကူးစက်ခဲ့ခြင်းမရှိကြောင်း၊ ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပိုးကို ကာကွယ်သည့်အနေဖြင့် ဒေသဆိုင်ရာ အာဏာပိုင်များက ကြက်၊ ဘဲ တိရစ္ဆာန်မွေးမြူရေးခြံများနှင့် သားသတ်ရုံများတွင် ပိုးသတ်ဆေးဖျန်းခြင်း၊ အိမ်မွေး တိရစ္ဆာန်များအား ကာကွယ်ဆေးထိုးခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်ဟု အွန်မီဖေးက ဆက်လက်ပြောကြားသည်။

လာအိုနိုင်ငံတွင် ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလက ကြက်ငှက်တုပ်ကွေးရောဂါပထမဆုံးဖြစ်ပွားပြီး ယင်းရောဂါဖြင့် လာအိုနိုင်ငံသားနှစ်ဦး သေဆုံးခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ် ရှန်းယန်မြို့၌ ယခင် ငါးပြတိုက်ဟောင်း အဆောက်အအုံတစ်လုံးအား ဒိုင်းနမိုက်ဖြင့် ဖောက်ခွဲဖြိုချနေသည်ကို ဖေဖော်ဝါရီ ၂၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နိုင်ငံတကာသတင်း စစည်းဘာသာပြန်သူများ	တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင် တင်မာဝင်းနှင့် အေးသန္တာသိန်း

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဝေဠုဝန်ရပ်ကွက် ဝေဠုဝန်ကျောင်းတိုက်ကြီး၏ နာယကဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသ၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် ဘောလယ်ကျွန်း တလိုင်မီကျေးရွာ ခမည်းတော် ဦးထွန်းမြိုင်၊ မယ်တော် ဒေါ်စိန်မေတို့မှ ၁၂၈၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁ရက်(တနင်္ဂနွေနေ့)တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။

ရှင်/ရဟန်းအဖြစ်သို့ရောက်ရှိတော်မူခြင်း

ဆရာတော် လောင်းလျာသည် ၁၃၁၂ ခုနှစ် တပေါင်းလဆန်း ၁၃ ရက်တွင် ရန်ကုန်တိုင်း တိုက်ကြီးမြို့ ဘောလုံးကွင်းရပ်ကွက် ဘောလုံးကွင်း ကျောင်းဆရာတော် ဘဒ္ဒန္တဉတ္တမထံ၌ မိခင် ခေါ်နှင်းမေမိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ရောက်ရှိပြီး ၁၃၁၆ ခုနှစ်၊ တပေါင်းလဆန်း ၁၃ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် ဘောလယ်ကျွန်း သဘော့ချောင်းကျေးရွာ သဘော့ချောင်း ကျောင်းခဏ္ဍသိမ်၌ စမ်းချောင်းမြို့နယ် ဝေဠုဝန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဓမ္မပါလအား ဥပဇ္ဈာယ်ပြုလျက် ဦးစံအေး၊ ဒေါ်မယ်ငွေမိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဝေဠုဝန်ကျောင်းတိုက် ဆရာတော်၊ မန္တလေးမြို့ စကုအလယ်တိုက်ဆရာတော်၊ ဝေယံဘုံသာဆရာတော်၊ မိုးကောင်းကျောင်းတိုက် ဆရာတော်တို့ထံ၌ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ရာ ဓမ္မာစရိယစာချတန်းကို အောင်မြင်တော်မူခဲ့သည်။

စာပေပို့ချခြင်းနှင့်သာသနာရေးအားပေးဆောင်ရွက်တော်မူပြီး

ဆရာတော်သည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်ဆောင်ရွက်တော်မူပြီး ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဝေဠုဝန်ကျောင်းတိုက်၌ ပထမပြန်၊ ဓမ္မာစရိယ ပရိယတ္တိစာပေများကို သင်ကြားပို့ချခဲ့သည်။

ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဆရာတော်သည် ၁၃၆၅ (၂၀၀၄ခုနှစ်) ဇန်နဝါရီ ၄ ရက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဆက်ကပ်လှူဒါန်းခဲ့သော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံ ရရှိတော်မူခဲ့သည်။

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး

တောင်ငူခရိုင်၌ အသိပညာပေးဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနတို့ ပူးပေါင်းစီမံကြီးကြပ်ဆောင်ရွက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ခရိုင်၊မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ ကျင်းပသောကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး လူထုအသိပညာပေး စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၁၆ရက် နံနက်၉နာရီခွဲက ရေတာရှည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်က တက်ရောက်အမှာစကားပြောကြားဖွင့်လှစ်ပေးပြီး စာရေးဆရာ၊ အယ်ဒီတာ၊ ဒါရိုက်တာ ဖွန်မောင်မောင်(**အောက်ပုံ**)က ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်ရေး၊ တိရစ္ဆာန်ကျန်းမာရေး၊ လူထုအသိပညာပေးသုတစာပေရေးရာများ ဟောပြောပြီး၊ စာရေးဆရာမ တင်မိခိုင်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး၊ စာရေးဆရာမြင့်အောင်(မောင်မိုးဦး)က စာမျက်နှာပေါ်က ဝါကျများ၊စာရေးဆရာကိုရွှေအောင်သင်းက နှစ်သိမ့်ဆွေးနွေးပညာပေးရေး၊ သရုပ်ဆောင်ဒါရိုက်တာ အေဝမ်းသန်းထွဋ်က ကြက်၊ ငှက်၊စာပေ၊ ဂီတ၊ ရုပ်ရှင်အနုပညာဇီဝလုံခြုံရေးအကြောင်း ဟောပြောကြပြီး ရေတာရှည်မြို့နယ် မွေးမြူရေးလုပ်ငန်းရှင်များအသင်းနှင့် မြို့နယ်(တိ/ကု)ဦးစီးဌာနမှ ပေးပို့သော အမှတ်တရ ဂုဏ်ပြုလက်ဆောင်များကို မြို့နယ် ဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်နှင့် ဒေါက်တာ ဦးအေးကြူ(တိ/ကု) ဦးစီးမှူးတို့က စာရေးဆရာများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။ **(မွေး/ရေ)**

နေပြည်တော် ဖေဖော်ဝါရီ ၂၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဖေဖော်ဝါရီ ၁၆ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် သာယာကုန်းကျေးရွာရှိ တောင်သူဦးဇော်မိုး၏ ပဲတီရွှေဝါမျိုး ပဲတီစိမ်းစိုက်ခင်း ခုနစ်ဧက၌ ပဲများဆွတ်ခူးနေမှု၊ သိုက်တူးကန်ကျေးရွာရှိ တောင်သူဦးမြင့်လွင်၏ ပဲတီရွှေဝါမျိုးစိုက်ခင်း ၁၄ ဧက၌ ပဲများဆွတ်ခူးနေမှု၊ တောင်သူ ဦးမြင့်သောင်း၏ အထွက်ကောင်းမျိုးဖြစ်သည့် စိုက်ပျိုးရေး (၁)ပဲတီစိမ်းစိုက်ခင်း ရှစ်ဧက၌ မျိုးပွားစိုက်ပျိုးထားမှုနှင့် အပင်ဖြစ်ထွန်းအောင်မြင်မှုတို့ကို ကြည့်ရှုအားပေးပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ရှင်းလင်းဆွေးနွေးမှာကြားသည်။

သုံးခွနှင့်ကျောက်တန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လယ်ယာ/ဆည်မြောင်းဝန်ကြီး ဗိုလ်ချုပ်ဌေးဦး စစ်ဆေး

ထို့နောက် ဝန်ကြီးသည် သုံးခွမြို့နယ် ပိုက်စီးကျေးရွာအနီး၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၆)က တာဝန်ယူဆောင်ရွက်လျက်ရှိသော ရေငန်တားတာများ တည်ဆောက်ပြီးစီးမှု၊ သောက်သုံးရေအတွက် တူးဖော်ပြီးစီးသည့်ရေကန်နှင့် ပိုက်စီးရေတံခါးတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ ဝန်ကြီးသည် ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ပျက်စီးသွားသော ကမ်းပတ်တာများကို အမြန်ပြီးစီးရေးဆောင်ရွက်ပေးနေသည့်အပြင် စိုက်ပျိုးလုပ်ကိုင်နိုင်ရန်အတွက် လယ်မြေဧကသစ်များကို ထပ်မံဖော်ထုတ်လျက်ရှိကြောင်း၊ ယခုလုပ်ငန်းများပြီးစီးပါက လယ်မြေဧကသစ် ၂၃၀၀ ထပ်မံဖော်ထုတ်စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးပြီး စက်ယန္တရားကြီးများဖြင့် တာတမံမြေဖို့နေမှု၊ ရေနုတ်မြောင်းတူးဖော်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် ကျောက်တန်းမြို့နယ် ကဒပွနကျေးရွာအနီး ကဒပွနချောင်းပေါ်၌ တည်ဆောက်နေသော သံကူကွန်ကရစ်အမျိုးအစား ကဒပွနရေထိန်းတံခါး တည်ဆောက်ပြီးစီးမှု၊ ရေခေါ်မြောင်းမကြီးနှင့် ရေထုတ်မြောင်းမကြီး တူးဖော်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကျောက်တန်းမြို့နယ် ကဒပွရေထိန်းတံခါးကို ကြည့်ရှုစစ်ဆေးစဉ်။
(လယ်/ဆည်)



ပထမအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်

မြန်မာမြားပစ်အဖွဲ့ ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဖေဖော်ဝါရီ ၁၈ရက်မှ ၂၄ရက်အထိ ကျင်းပမည့် ပထမအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာမြားပစ်အဖွဲ့သည် ဖေဖော်ဝါရီ ၁၈ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ယှဉ်ပြိုင်မည်

မြန်မာမြားပစ်အဖွဲ့သည် အဆိုပါပြိုင်ပွဲ၌ Compound အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲနှင့် Recurve အမျိုးသားပြိုင်ပွဲ တစ်ဦးချင်းနှင့် အသင်းလိုက်ပွဲစဉ်များတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ကစားသမားကိုးဦးဖြင့် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲနှင့်အတူ ဖေဖော်ဝါရီ ၂၁ရက်၌ ကျင်းပမည့် အာရှမြားပစ်အဖွဲ့ချုပ်ကောင်စီ အစည်းအဝေးကို အာရှမြားပစ်အဖွဲ့ချုပ်ကောင်စီဝင်၊ အရှေ့တောင်အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ တက်ရောက်မည်ဖြစ်သည်။

လိုက်ပါသွား

ပြိုင်ပွဲဝင်မည့် မြန်မာမြားပစ်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အမှုဆောင် ပညာရေးဝန်ကြီးဌာနမှဦးဝင်းကို (ညွှန်ကြားရေးမှူး၊ ပညာ)၊ အုပ်ချုပ်နည်းပြအဖြစ် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (လက်ထောက် ညွှန်ကြားရေးမှူးအား/ကာ)၊ လက်ထောက်အုပ်ချုပ်သူအဖြစ် ဒေါ်ကေသီ၊ အဖွဲ့အတွင်းရေးမှူးအဖြစ် ဦးသန်းကြိုင်၊ နည်းပြအဖြစ် ဦးအောင်သူရ၊ ကစားသမားများအဖြစ် Compound အမျိုးသား ရဲမင်းဆွေ၊ ခင်မောင်ဝင်း၊ ပိုင်မြတ်သူ၊ အမျိုးသမီး အောင်ငိုမ်း၊ လှလှစံ၊ တင်လှဝင်း၊ Recurve အမျိုးသား ဇော်ဝင်းထိုက်၊ နေမျိုးအောင်နှင့် ရန်အောင်စိုးတို့လိုက်ပါသွားကြသည်။ မြန်မာမြားပစ်အဖွဲ့မှာ လာမည့် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် အကြိုပြင်ဆင်မှုအနေဖြင့် ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ယခုပြိုင်ပွဲတွင်လည်း အောင်မြင်မှုဆုတံဆိပ်ပေါင်းများစွာ ဆွတ်ခူးဖူးသည့် အစဉ်အလာကောင်းများ ရရှိထားဖူးကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပထမအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲဝင် မြန်မာမြားပစ်အဖွဲ့အား မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာ ခင်ရွှေနှင့်အတူ တွေ့ရစဉ်။
(မြန်မာ့အလင်း)

ချောင်းဦးမြို့နယ်စည်ပင် ချုံနွယ်များစုပေါင်းရှင်းလင်း

ချောင်းဦး ဖေဖော်ဝါရီ ၂၁

စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများသည် ဇန်နဝါရီ၃၁ရက်က မြို့အဝင် လမ်းတစ်လျှောက် လမ်းဘေးဝဲယာ ချုံနွယ်များ စုပေါင်းရှင်းလင်းရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် ဒုတိယဦးစီးမှူး (အခွန်) ဒေါ်အမာဆွေတို့က ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဖေဖော်ဝါရီ ၁၀ရက်က အလက(၁) ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြည်ကြည်ညွန့်က ပြည်ထောင်စုစိတ်ဓာတ်ထိန်းသိမ်းအပ် ခေါင်းစဉ်ဖြင့်ဟောပြောပြီး ကျောင်းအုပ်ဆရာကြီး ဦးစိန်ဝင်းက ကျောင်းသားကျောင်းသူများအား နံရံကပ်စာစောင်များကို ရှင်းလင်းပြသစဉ်။ (မြို့နယ် ပြန်/ဆက်)

22-2 (05).pmd 1 2/22/2009, 2:04 AM

ဧရာဝတီတိုင်းအတွင်းရှိဆားလုပ်ငန်းများမှ ဆားတန်ချိန်မက်ထရစ်တန်သုံးသိန်းခန့် ယခုနှစ် ဆားရာသီတွင် ထုတ်လုပ်မည်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ဧရာဝတီတိုင်း ဖျာပုံမြို့၌ ရောက်ရှိနေသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၈ရက် နံနက် ၈နာရီခွဲက ဒမင်းဆိပ်ကျေးရွာ ငါးလုပ်ငန်းဦးစီးဌာန စစ်ဆေးရေးစခန်းသို့ရောက်ရှိရာ တာဝန်ရှိသူက ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းဆောင်ရွက်နေမှု၊ ဒေသအတွင်း ငါးဖမ်းစက်လှေများ ဝင်/ထွက်မှုနှင့် ရေလုပ်ငန်းဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်ကိုကိုသည် ယုဇနဆောက်လုပ်ရေးအဖွဲ့က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ဒမင်းဆိပ်ကျေးရွာ မုန်တိုင်းဒဏ်ခံ အဆောက်အအုံ (Cyclone Shelter)ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ကနိစ်ပြကျေးရွာ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း မူလတန်းကြိုကျောင်း၊ ဖျာပုံ-ကျုံကဒွန်း-အမာလမ်းပိုင်းရှိ ဒေးဒလူတံတားနှင့် မြို့ကုန်း ရေငန်တားတာတမံပြုပြင်ခြင်းလုပ်ငန်းများကိုသွားရောက်ကြည့်ရှုစစ်ဆေးသည်။

တည်ဆောက်

ထို့နောက် ဗိုလ်ချုပ်ကိုကိုသည်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက်လျက်ရှိသော ကျုံကဒွန်း-ဒေါငြိမ်း-အမာလမ်းပေါ်ရှိ လမ်းတာချဲ့ခြင်း၊ တာမြှင့်ခြင်း ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး၍ မိုင်တိုင်အမှတ် (၂၅/၅)ရှိ မြို့ကုန်းတံတားသို့ရောက်ရှိရာတာဝန်ရှိသူက တံတားပြန်လည်ပြုပြင်တည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှတာဝန်ရှိသူက ကျုံကဒွန်း-အမာလမ်း လမ်းတာပေါင်ပွဲ့ မြေကပ်ခြင်း၊ တာပေါင်ထပ်တင်ဘေးချဲ့ခြင်း၊ ရေကျော်အပိုင်းများကို တာပေါင်အသစ်ဆောက်လုပ်ခြင်း လုပ်ငန်းများနှင့် ဖျာပုံခရိုင်အတွင်း ဆက်လက်ဆောင်ရွက်မည့်လမ်းနှင့် တံတားဆိုင်ရာများကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်ကိုကိုက လိုအပ်သည်များ မှာကြားပြီး ကျုံကဒွန်း-ဒေါငြိမ်း-အမာလမ်းပိုင်းရှိ မြေသားတာပေါင်အသစ်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ဒေါငြိမ်းကျွန်းပတ်တာ တည်ဆောက်နေမှုတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ရှင်းလင်း

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် ဒေါငြိမ်းကျေးရွာသို့ ရောက်ရှိကြပြီး လေမုန်တိုင်းဒဏ်ခံ အဆောက်အအုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ဒဂုန်အင်တာနေရှင်နယ် လီမိတက်မှ တာဝန်ရှိသူက ဧပြီလအကုန်တွင် လုပ်ငန်းများ အပြီးသတ် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက်ဗိုလ်ချုပ်ကိုကိုသည်နောက်မီးကျေးရွာအုပ်စုမှ ဆားလုပ်ငန်းရှင် ဦးအောင်မင်း၏ ဆားကွင်းသို့ရောက်ရှိရာ တာဝန်ရှိသူက နေလှန်းဆား ထုတ်လုပ်မှုအဆင့်ဆင့်ကို ရှင်းလင်းပြီး နေလှန်းဆားကွင်း၌ ဆားကြမ်းကျုံးယူနေမှုနှင့် ဆားနမူနာများကို ပြသကြသည်။

ဆက်လက်၍ ရှင်းလင်းဆောင်၌ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူက ဧရာဝတီတိုင်းအတွင်းရှိ ဆားလုပ်ငန်းများမှ ယခုနှစ်ဆားရာသီတွင် ဆားတန်ချိန် မက်ထရစ်တန် သုံးသိန်းခန့် ထုတ်လုပ်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကိုသည် နောက်မီးကျေးရွာရှိ မျှင်ငါးပိလုပ်ငန်းလုပ်ကိုင်နေမှု အခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းရှင်က ပင်လယ်ပုစွန်သားပေါက်များဖြင့် မျှင်ငါးပိများ ထုတ်လုပ်ဖြန့်ဖြူးဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမာမြို့သို့ ရောက်ရှိပြီး အခြေခံပညာအထက်တန်းကျောင်းရှေ့၌ တည်ဆောက်မည့် မုန်တိုင်းဒဏ်ခံအဆောက်အအုံမြေနေရာကို ကြည့်ရှုစစ်ဆေးရာ ဒဂုန်အင်တာနေရှင်နယ်လီမိတက်မှ တာဝန်ရှိသူက တည်ဆောက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်ကိုကိုက လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၄)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ် ပြီးမြောက် အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ဘိလိယက်နှင့် စနူကာပြိုင်ပွဲနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

International Beverages Trading Co., Ltd.က အဓိက ကူညီပံ့ပိုးသော ၂၀၀၉ခုနှစ် GRAND ROYAL Special Reserve Billiards and Snooker Championship ပြိုင်ပွဲနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို ယမန်နေ့မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ရှိ Chatrium ဟိုတယ် Ballroom ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အတွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးမြင့်က ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး International Beverages Trading Co., Ltd.မှ Executive ဒါရိုက်တာဦးတင့်ဦးက ပြိုင်ပွဲကျင်းပပေးသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသူများ၏ ပြိုင်ပွဲကျင်းပရေးနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ဘိလိယက်နှင့် စနူကာတံခွန်စိုက်ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၂၅ရက်တွင် DOMINO CLUB မန္တလေးမြို့၌လည်းကောင်း၊ မတ် ၉ရက်တွင် တောင်ကြီးမြို့ MANCHESTER SNOOKER CLUB တောင်ကြီးမြို့ မြို့နယ်အားကစားကွင်းနှင့် မကွေးမြို့ မြို့နယ်အားကစားခန်းမတို့၌လည်းကောင်း၊ မတ် ၁၈ရက်တွင် DIAMOND BILLIARDS and SNOOKER CENTER ကမာရွတ်မြို့နယ် (ရန်ကုန်)၌ လည်းကောင်း အသီးသီးကျင်းပမည်ဖြစ်ပြီး ဆုကြေးများကို ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

မော်လမြိုင်မြို့၌ စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မော်လမြိုင်မြို့နယ် ထာဝရ သွေးလှူရှင်များ ကြီးကြပ်မှုကော်မတီက ဦးဆောင်၍ (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်း သွေးလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၃ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်၌ ကျင်းပသည်။

လှူဒါန်း

သွေးလှူဒါန်းပွဲ အခမ်းအနားသို့ မော်လမြိုင်မြို့နယ်ထာဝရသွေးလှူရှင်များ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာတိုးတိုးအောင်၊ အတွင်းရေးမှူး ဦးကျော်မြင့်၊ ဘဏ္ဍာရေးမှူး ဦးလွင်မိုးနှင့် မော်လမြိုင်ဆေးရုံကြီး သွေးလှူဘဏ်မှ တာဝန်ရှိသူများ၊ သွေးလှူရှင် မော်လမြိုင်ပညာရေးကောလိပ်မှ ဆရာဆရာမများ တက်ရောက်ကြပြီး သွေးအိတ်ပေါင်း ၂၀ကို လှူဒါန်းကြသည်။**(အပေါ်ပုံ)**

သွေးလှူဘဏ်

မော်လမြိုင်မြို့နယ် ထာဝရ သွေးလှူရှင်များ ကြီးကြပ်မှုကော်မတီအနေဖြင့်ယနေ့အထိ မော်လမြိုင် အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်သို့ သွေးအိတ်ပေါင်း ၉၀၀ကျော် လှူဒါန်းပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေစကြိုမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရေစကြိုမြို့နယ်အသင်း(ရန်ကုန်)၏ (၁၇)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ဘွဲ့တံဆိပ်နှင့်စာပေဆုရသူများအား ဂုဏ်ပြုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၅ရက်က ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ ကျားကူးခမ္မဗိမာန်၌ ကျင်းပသည်။

အခမ်းအနားတွင် အသက် ၈၀ကျော် အသင်းဝင်အဘိုးအဘွားများအား ပူဇော်ကန်တော့ကြပြီး ဘွဲ့တံဆိပ်နှင့်စာပေဆုရသူများအား ဂုဏ်ပြုကြကာ တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ကြသည်။**(အပေါ်ပုံ)**ဆက်လက်၍ အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းအား အတည်ပြုကြပြီး အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ကြကာ ဥက္ကဋ္ဌဗိုလ်မှူးကြီးစိုးဝင်း(ငြိမ်း)၊အတွင်းရေးမှူးဦးဝင်းနှင့် ဘဏ္ဍာရေးမှူး ဦးပေါ်တို့ ဦးဆောင်သော အလုပ်အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ကြသည်။ **(မြန်မာ့အလင်း)**

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ပူတာအိုလေဆိပ် လေယာဉ်ပြေးလမ်း ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တည်ဆောက်ပြုပြင်မှုလုပ်ငန်းများ အမြန်ပြီးစီးရေးနှင့် အရည်အသွေး ပြည့်မီရေး ဂရုပြုဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် ဖေဖော်ဝါရီ ၁၄ရက် မွန်းလွဲပိုင်းက မြစ်ကြီးနားမြို့မှ ပူတာအိုမြို့သို့ရောက်ရှိပြီး ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပူတာအိုလေဆိပ်ခန်းမ၌ တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ အင်ဂျင်နီယာမှူး၊ သော်တာဝင်း ဆောက်လုပ်ရေး ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ပြည်နယ်အင်ဂျင်နီယာမှူးတို့က ပူတာအိုလေဆိပ် လေယာဉ်ပြေးလမ်းနှင့် လေယာဉ်ရပ်နားနေရာတို့ကို ကျောက်ကတ္တရာဖြင့် ညှိလွှာခင်းခြင်း၊ လေယာဉ်ပြေးလမ်း လမ်းပခုံးပြုပြင်ခြင်းနှင့် သုံးလက်မထု နိုင်လွန်ကတ္တရာခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်စီစဉ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဂရုပြုဆောင်ရွက်

ထို့နောက်ဗိုလ်ချုပ်အုန်းမြင့်က တည်ဆောက်ပြုပြင်မှု လုပ်ငန်းများ အမြန်ဆုံးပြီးစီးရေးနှင့် အရည်အသွေး ပြည့်မီရေး ဂရုပြုဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဗိုလ်ချုပ်အုန်းမြင့်က လိုအပ်သည်များ မှာကြားသည်။

စုဆောင်းထားမှု

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် ပူတာအိုလေဆိပ်လေယာဉ်ပြေးလမ်းနိုင်လွန်ကတ္တရာခင်းရန် ကျောက်နှင့်ကတ္တရာများ စုဆောင်းထားရှိမှု၊ လေယာဉ်ပြေးလမ်း ကြံ့ခိုင်မှု အခြေအနေနှင့် လေဆိပ်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည် သာယာလှပရေး ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးဘေးကြိုတင်ကာကွယ်ရေး လှိုင်မြို့နယ်၌ ဟောပြောသရုပ်ပြ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာ့သစ်လုပ်ငန်း အခြေစိုက်အလုပ်ရုံ(ရန်ကုန်)မှ ဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၁၈ရက် နံနက်ပိုင်းက အဆိုပါ အလုပ်ရုံဝင်းအတွင်း၌ ကျင်းပသည်။

သရုပ်ပြ

အခမ်းအနားတွင် အခြေစိုက်အလုပ်ရုံမန်နေဂျာ(အင်/ယာ)ဦးထွန်းမြင့်က အမှာစကားပြောကြားပြီး လှိုင်မြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးကျော်နိုင်က မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောကာ ဝန်ထမ်းများအား မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြလေ့ကျင့်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

(မြန်မာ့အလင်း)

မင်္ဂလာမေသမဝါယမအသင်းလီမိတက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မင်္ဂလာမေ အမျိုးသမီးများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စွမ်းဆောင်မှု သမဝါယမအသင်းလီမိတက်၏ (၂၀၀၆-၂၀၀၇)နှင့် (၂၀၀၇-၂၀၀၈)ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇန်နဝါရီ ၂၃ရက် မွန်းလွဲ ၂နာရီက မင်္ဂလာမေအသင်း ရုံးခန်း၌ ကျင်းပရာ ဗဟိုသမဝါယမအသင်းအထွေထွေမန်နေဂျာ ဦးကိုကို၊ မင်္ဂလာတောင်ညွန့်မြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် အဖွဲ့ဝင်များ၊ အသင်း၏ ဒါရိုက်တာအဖွဲ့ဝင်များ၊ အသင်းသူများတက်ရောက်ကြပြီး သဘာပတိက အဖွင့်အမှာစကားပြောကြားကာ အသင်း၏ ဒါရိုက်တာအဖွဲ့ဝင်များ ကတိသစ္စာခံယူကြသည်။ ထို့နောက် ဥက္ကဋ္ဌအသစ်က နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။ **(သမဝါယမ)**

ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်အား တရုတ်နိုင်ငံမှ ဧည့်အဖွဲ့ တွေ့ဆုံ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ ကိစ္စရပ်များ ဆွေးနွေးခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၂၁

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Machinery & Equipment Import & Export Corporation (CMEC) မှ Ms.Han Yonghui နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၁၈ရက် နံနက် ၁၀နာရီခွဲက နေပြည်တော်ရှိ ဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက် တွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရည်ချွန်ဆုချီးမြှင့်

သာကေတမြို့နယ် အမှတ်(၃၉) အခြေခံပညာမူလတန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၈ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပညာရည်ချွန်ဆုရရှိသော မောင်မင်းသန့်သူအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ကြည်က ဆုချီးမြှင့်စဉ်။ (ပညာရေး)

အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

မိုးညှင်း၌ ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပ

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို မိုးညှင်းမြို့နယ် အားကစားကွင်း၌ ဖေဖော်ဝါရီ ၁၂ရက် နံနက် ၈နာရီက ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မိုးညှင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်ထွန်းက ဖတ်ကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

လင်းခေးခရိုင် ပြန်/ဆက် ဝန်ထမ်းများ ဆွေးနွေး

လင်းခေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူးသည် ဖေဖော်ဝါရီ ၁၀ရက် နံနက် ၁၀နာရီက ရုံးခန်းမ၌ ဝန်ထမ်းများအား ၂၀၀၉ခုနှစ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှစ်ပတ်လည်နေ့အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၏ မိန့်ခွန်းကို ဖတ်ကြားရှင်းလင်းဆွေးနွေးကြသည်။ *(ခရိုင် ပြန်/ဆက်)*

ရည်မှန်းချက်ရှိရမည် ခေါင်းစဉ်ဖြင့် ထီးလင်း၌ဟောပြော

ထီးလင်းမြို့အထက်တန်းကျောင်းတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်အေးက အထက်တန်းအဆင့်ကျောင်းသားကျောင်းသူများအား ရည်မှန်းချက်ရှိရမည်ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၁၅ရက်က ဟောပြောဆွေးနွေးပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ပုအားရည်စူး၍ သမီးဖြစ်သူ အထက်တန်းပြဆရာမ ဒေါ်လေးကြူမိသားစုက ကျောင်းဝင်းသံတံခါးပြုလုပ်ရန် ငွေကျပ် ၅၀၀၀၀ နှင့် မြို့နယ်ပြန်/ဆက်ရုံးအတွက် ငွေပဒေသာပင် ငွေကျပ် ၂၀၀၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တက္ကသိုလ်ဝင်တန်းစာမေးပွဲ စည်းကမ်းချက် နောင်မွန်၌ရှင်း

ပူတာအိုခရိုင် နောင်မွန်အထကကျောင်း ထလမ်ရာဇ်ခန်းမ၌ ဇန်နဝါရီ ၁၉ရက် နံနက် ၁၁နာရီက တက္ကသိုလ်ဝင်တန်း စာဖြေသူများလိုက်နာရန် စည်းကမ်းချက်များ ရှင်းလင်းပွဲ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းရွှေက အမှာစကားပြောကြားပြီး ကျောင်းအုပ်ကြီးဦးစိန်လှိုင်က တက္ကသိုလ်ဝင်တန်း စာဖြေသူများ လိုက်နာရန် စည်းကမ်းချက်များ ရှင်းလင်းသည်။ *(မြို့နယ် ပြန်/ဆက်)*

ဆင်ဘို၌ စာကြည့်တိုက်များ ရှင်သန်ရေးဆွေးနွေး

ကချင်ပြည်နယ် ဆင်ဘိုမြို့၌ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ရေး ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၁ရက်က တောပင်လုံကျေးရွာရုံး၌ ကျင်းပရာ မြို့နယ်ပြည်/ဆက်ဦးစီးမှူး ဦးစိုးမြင့်က ကျေးရွာ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စာကြည့်တိုက် ကော်မတီဝင်များအား စံ(၅)ရပ်နှင့်အညီ ရှင်သန်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး၊ စာအုပ်စာစောင်နှင့် အလှူငွေများ တိုးပွားရရှိရေး ရှင်းလင်းဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျေးရွာစာကြည့်တိုက်များ စာငှားကတ်စနစ် အသုံးပြုသင်တန်းဖွင့်

ကျောက်ပန်းတောင်းမြို့နယ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ စာငှားကတ်စနစ် အသုံးပြုရေးသင်တန်းကို ဖေဖော်ဝါရီ ၁၀ရက် နံနက် ၁၀နာရီက ကျောက်ပန်းတောင်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး စပါးခန်းမ၌ ဖွင့်လှစ်ရာ မြို့နယ်ပြန်/ဆက်ရုံးမှ ဝန်ထမ်းများက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ၊ စာငှားကတ်စနစ်ကျင့်သုံးရေး ဘာသာရပ်တို့ကို ပို့ချခဲ့သည်။ *(မြို့နယ် ပြန်/ဆက်)*

အမက(၅) ရေစကြိုပညာရည်ချွန်ဆုချီးမြှင့်

ရေစကြိုမြို့ အမှတ်(၁)ရပ်ကွက် အမက(၅) မူလတန်းလွန်ကျောင်း ကျောင်းသားကျောင်းသူဟောင်းများ ကြီးမှူးကျင်းပသည့် ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ သူငယ်တန်းမှ သတ္တမတန်းအထိ ကျောင်းသားကျောင်းသူပေါင်း ၂၆ ဦးအား ဆုများပေးအပ်ချီးမြှင့်သည်။ **(မြို့နယ် ပြန်/ဆက်)**

ဒိုက်ဦးမြို့၌ မီးဘေးလုံခြုံရေးစစ်ဆေး

ဒိုက်ဦးမြို့မဈေးအတွင်း သွယ်တန်းထားသောမီးလိုင်းများ သီးခြားသွယ်တန်းထားရှိမှု လျှပ်စစ်မီးကြိုးနှင့် လျှပ်စစ်ပစ္စည်းကိရိယာများ ကောင်းမွန်မှုရှိ မရှိတို့ကို ဇန်နဝါရီ ၁၆ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဒေါ်ခင်အေးဝင်းနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးတင်ဦးတို့ ဦးဆောင်သောအဖွဲ့က ကြည့်ရှုစစ်ဆေးကြသည်။ *(မြို့နယ်စည်ပင်)*

မိုးကောင်းမြို့၌ ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်

ကချင်ပြည်နယ် မိုးကောင်းမြို့ ၂၀၀၉ ခုနှစ် ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၂၉ရက် ညနေ ၃နာရီက မြို့နယ်ပြည်သူ့အားကစားပြိုင်ကွင်း၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းစိန် တက်ရောက်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ **(၀၀၁)**

နွားထိုးကြီး၌ အမျိုးသားကာကွယ်ဆေးတိုက်ကျွေး

အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၀၉) ဒုတိယအကြိမ် ပိုလီယိုအကြောသေရောဂါကာကွယ်ဆေးတိုက်ကျွေးပွဲ အခမ်းအနားကိုဖေဖော်ဝါရီ ၇ရက်က နွားထိုးကြီးမြို့နယ် ရှာကြီမ်ကြကျေးရွာ ရတနာစာကြည့်တိုက်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင်ခရိုင်ဥက္ကဋ္ဌ ဦးလှမိုးနှင့်တာဝန်ရှိသူတို့က အမျိုးသားကာကွယ်ဆေးတိုက်ကျွေးကြသည်။ *(၀၉၅)*

မြေပုံ၌ ကျန်းမာရေးနှင့်ညီညွတ်စွာ ရောင်းချရေး စစ်ဆေး

မြေပုံမြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ကမ်းထောင်ကြီး ကျေးလက်ဈေးအတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသော ဈေးဆိုင်များတွင် ကျန်းမာရေးနှင့်ညီညွတ်သော အိမ်သုံးအိုင်အိုဒင်းဆားများ ရောင်းချမှုရှိမရှိကို ဇန်နဝါရီ ၅ရက်က အမှုဆောင်အရာရှိဦးသန်းထွန်းနှင့်အဖွဲ့ ဝန်ထမ်းများ ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ငှက်မြတ်နားတော်

ဥပ္ပါတသန္တိစေတီတော်အတွက် ၌ တင်လှူပူဇော်မည့် ငှက်မြတ်နားတော်။

(သတင်းစဉ်)



✳ *ရှေ့ဖုံးမှ*

တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရ အဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အလှူရှင်များ၊ ဘာသာရေးနှင့်လူမှုရေး အသင်းအဖွဲ့ဝင်များတက်ရောက်ကြည်ညိုကြသည်။

မင်္ဂလာအခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိသဒ္ဓမ္မဇောတိကဓဇ ဦးသူရက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ မဟာဆုတောင်းပြည့်ဘုရားကြီး၊ ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား ခေတ္တကိန်းဝပ်စံပယ်ရာနေရာတွင် အစီအစဉ်အရ အခမ်းအနားမှူးက မဟာဆုတောင်းပြည့်ဘုရားကြီး၊ ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား ပင့်ဆောင်ပေးရန် ရဋ္ဌ ယာစနကထာကို ဖတ်ကြားသည်။

ပင့်ဆောင်ပူဇော်

ယင်းနောက်မဟာဆုတောင်းပြည့်ဘုရားကြီးအား အောင်အိုးကိုင် ဥပါသကာများ၊ ထီးဖြူတော်များ ဆောင်းမိုး ပူဇော်ကြသည့် သိကြား၊ ဗြဟ္မာ နတ်ဒေဝါများခြံရံလျက် ကရဝိက်ဖောင်တော်ယာဉ်ဖြင့် လည်းကောင်း၊ ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား ဥပါသကာများ၊ ထီးဖြူတော်များ ဆောင်းမိုးပူဇော်ကြသည့် နတ်ဒေဝါများခြံရံလျက်အထူးမော်တော်ယာဉ်ဖြင့်လည်းကောင်း စတင် ပင့်ဆောင်ပူဇော်ရာ ယဉ်ကျေးမှုဝန်ကြီးဌာန မင်္ဂလာရွှေစောင်းတော်အဖွဲ့ယာဉ်၊ သာသနာ့အလံကိုင်ဥပါသကာများနှင့် ဒေဝါဝင်း ရာဇာဝင်းအဖွဲ့ယာဉ်နှင့် ဝတ်ရွတ် အဖွဲ့ယာဉ်တို့က အစဉ်အတိုင်း လိုက်ပါပူဇော်ကြပြီး ပရိသတ်တို့က နမောတဿနှင့် ဗုဒ္ဓံသရဏံ ဂစ္ဆာမိ အစချီသော အရိယာ သာဝိတ္တိဂါထာတော်တို့ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆိုပူဇော်ကြသည်။

ထို့နောက် မဟာဆုတောင်းပြည့်ဘုရားကြီးအား ပင့်ဆောင်လာသော ကရဝိက်ဖောင်တော်ယာဉ်နှင့်ပင့်ဆောင်ရေးအဖွဲ့ယာဉ်များသည် ခေတ္တကိန်းဝပ်စံပယ်ရာနေရာမှ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး၊ ပင်လောင်းလမ်းဆုံ၊ ရာဇဌာနီလမ်းတို့အတိုင်း ဥပ္ပါတသန္တိစေတီတော်ရင်ပြင်သို့ ပင့်ဆောင်လာကြရာ ပရိသတ်တို့က နမောတဿနှင့် ဗုဒ္ဓံသရဏံ ဂစ္ဆာမိ အစချီသော အရိယာ သာဝိတ္တိဂါထာတော်တို့ကို သံပြိုင်ညီညာ ရွတ်ဆိုကြလျက်လည်းကောင်း၊မင်္ဂလာရွှေစောင်းတော်အဖွဲ့က သာယာငြိမ့်ညောင်းသော မင်္ဂလာမွေ့သံစဉ်များ တီးခတ်ကြလျက်လည်းကောင်း၊လမ်းတစ်လျှောက်၌ ဒေသခံပြည်သူများက ပန်းမန်နံ့သာ ပူဇော်ဖွယ်ရာများဖြင့် ပူဇော်ကြလျက်လည်းကောင်း အသီးသီးသဒ္ဓါ ကော်ရော်ပင့်ဆောင်လှူဒါန်းပူဇော်ကြသည်။

ကြိုဆိုပူဇော်

ယင်းနောက် မဟာဆုတောင်းပြည့်ဘုရားကြီး၊ ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား ပင့်ဆောင်လာသောပင့်ဆောင်ရေးယာဉ်များသည် ဥပ္ပါတသန္တိစေတီတော် ရင်ပြင်တော် မြောက်ဘက်မုခ်ဦးသို့ ရောက်ရှိလာရာ မြောက်ဘက်မုခ်ဦးမှ ဂန္ဓကုဋိကျောင်းဆောင်တော်အထိ လျှောက်လမ်းဝဲ/ယာတို့၌ အောင်အိုးကိုင် ဥပါသကာများ၊ သာသနာ့အလံကိုင် ဥပါသကာများ၊ ထီးဖြူတော်မိုး သိကြား၊ ဗြဟ္မာ၊ နတ်ဒေဝါများ၊ ဒေဝါဝင်း၊ ရာဇာဝင်းအဖွဲ့များနှင့် ဝတ်ရွတ်အဖွဲ့များက ကြိုဆိုပူဇော်ကြသည်။

ဆက်လက်၍ ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ပင့်ဆောင်ရေးအဖွဲ့များက ရင်ပြင်တော်ရှိ ဓမ္မာရုံတော်ကြီးသို့ ပင့်ဆောင်ကြသည်။

တောင်းပန်လျှောက်ထား

ထို့နောက် အခမ်းအနားမှူးက ဂန္ဓကုဋိပ္ပဝေသနကျောင်းဆောင်တော်ပင့်ဂါထာကိုဖတ်ကြား၍ မဟာဆုတောင်းပြည့်ဘုရားကြီးအား ဂန္ဓကုဋိကျောင်းဆောင်တော်သို့ ကြွရောက်အပူဇော်ခံတော်မူပါရန် တောင်းပန်လျှောက်ထားပြီး ပရိသတ်တို့က နမောတဿနှင့် ဗုဒ္ဓံသရဏံဂစ္ဆာမိ အစချီသော အရိယာ သာဝိတ္တိဂါထာတော်တို့ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆိုပူဇော်ကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ တိုင်းမှူးနှင့် ဝန်ကြီးများသည် မဟာဆုတောင်းပြည့်ဘုရားကြီးအား အောင်အိုးကိုင်ဥပါသကာများ၊သာသနာ့အလံကိုင် ဥပါသကာများ၊ ထီးဖြူတော်မိုး သိကြား၊ ဗြဟ္မာ၊ နတ်ဒေဝါများနှင့် ဒေဝါဝင်း၊ ရာဇာဝင်းများခြံရံခင်းကျင်းလျက် ဂန္ဓကုဋိကျောင်းဆောင်တော်အတွင်းရှိ ဗုဒ္ဓါသန ပလ္လင်တော်ဌာနသို့ ပင့်ဆောင်ကြသည်။

မဟာဆုတောင်းပြည့်ဘုရားကြီးနှင့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ပင့်ဆောင်ခြင်း၊ မဟာတံခွန်တိုင်တော် ဖွင့်လှစ်ခြင်းနှင့် ဗုဒ္ဓဝေယျာဝစ္စ ကုသိုလ်တော်ရေစက်ချမင်္ဂလာအခမ်းအနားတွင် ဥပ္ပါတသန္တိစေတီတော်တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး အမှူးပြုသော ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြစဉ်။

(သတင်းစဉ်)

အပူဇော်ခံပင့်ဆောင်ထားရှိ

ဆက်လက်၍ အခမ်းအနားမှူးက ရောင်ခြည်တော်ဖွင့် ပလ္လင်ပင့်ဂါထာကို ဖတ်ကြားပြီးနောက် ဥပါသကာများက မဟာဆုတောင်းပြည့်ဘုရားကြီးအား ထီးဖြူတော် နှစ်လက်ဖွင့်၍ ဆောင်းမိုးပူဇော်ကြပြီး မဟာဆုတောင်းပြည့်ဘုရားကြီးအား ဗုဒ္ဓါသနပလ္လင်တော်ဌာန၌ အပူဇော်ခံပင့်ဆောင်ထားရှိကြသည်။

ထို့နောက်စေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ တိုင်းမှူးနှင့် ဝန်ကြီးများသည် မဟာဆုတောင်းပြည့်ဘုရားကြီးအား ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်နှင့် သောက်တော်ရေတို့ကို ဆက်ကပ်လှူဒါန်း ပူဇော်ကြသည်။

ပူဇော်ကန်တော့

ယင်းနောက်ဆရာတော်၊သံဃာတော်များက ဘဝတုသဗ္ဗမင်္ဂလံနှင့် ဇယန္တောဗောဓိယာ မူလေ အစရှိသော ပလ္လင်တော်အောင်ခြင်း ဂါထာတော်တို့ကို ရွတ်ပွားသရဇ္ဈာယ် ပူဇော်တော်မူကြပြီး ပရိသတ်တို့က နမောတဿနှင့် ဗုဒ္ဓံသရဏံ ဂစ္ဆာမိ အစချီသော အရိယာ သာဝိတ္တိဂါထာတို့ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆို ပူဇော်ကန်တော့ကြသည်။

အဆိုပါ မင်္ဂလာ အခမ်းအနား မကျင်းပမီ အကြိုလုပ်ငန်းအဖြစ် ကိန်းဝပ်စံပယ်တော်မူမည့် ဗုဒ္ဓါသန ပလ္လင်တော်ဌာပနာသွင်း မင်္ဂလာအခမ်းအနားကို နံနက် ၇ နာရီ မိနစ် ၅၀ တွင် ဥပ္ပါတသန္တိစေတီတော်ရင်ပြင်၌ ကျင်းပသည်။

ဌာပနာတော်များပင့်ဆောင်

ရှေးဦးစွာ ရန်ကုန်မြို့ ရွှေသုဝဏ် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သဒ္ဓိယနှင့်မုံရွာမြို့နယ်ဗောဓိတစ်ထောင် ကျောင်းတိုက်မှ ဆရာတော်ဘဒ္ဒန္တ သောဘိတတို့ အမှူးပြု၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ အလှူရှင်များက ဗုဒ္ဓါသနပလ္လင်တော်တွင်ထည့်သွင်းပူဇော်မည့်ဌာပနာတော်

နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့ မဟာတံခွန်တိုင်တော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

များကို စေတီတော်ရင်ပြင်ရှိ ဓမ္မာရုံတော်ကြီးမှ ဥပ္ပါတသန္တိစေတီတော် မဟာဆုတောင်းပြည့်ဘုရားကြီး ဂန္ဓကုဋိကျောင်းဆောင်တော်သို့ ပင့်ဆောင်ကြသည်။

ထို့နောက် ဆရာတော်ကြီးများနှင့် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးတို့က ဗုဒ္ဓါသနပလ္လင်တော်အတွင်းသို့ ဌာပနာတော်များကို အစီအစဉ်အတိုင်း ထည့်သွင်းပူဇော်ကြပြီး အတွင်းရေးမှူး(၁)က ဌာပနာတော်တိုက်အတွင်း ကျောက်သံပတ္တမြားများအား ထည့်သွင်းပူဇော်ကာ ဌာပနာတော်တိုက်ကို ဖုံးအုပ်ပေးသည်။

ယင်းနောက် ကြွရောက်တော်မူလာကြသော ဆရာတော်၊သံဃာတော်များက ဘဝတု သဗ္ဗ မင်္ဂလံ သုံးဂါထာကို ရွတ်ပွားချီးမြှင့်ကြသည်။

ရည်စူးထုလုပ်

အဆိုပါ ဥပ္ပါတသန္တိစေတီတော် ဂန္ဓကုဋိကျောင်းဆောင်တော်၌ ကိန်းဝပ်စံပယ်တော်မူသည့် မဟာဆုတောင်းပြည့်ဘုရားကြီးသည် စစ်ကိုင်းတိုင်း မုံရွာမြို့နယ် ဗောဓိတစ်ထောင်ကျောင်းတိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒဆရာတော်ကြီး ပျံလွန်တော်မမူမီ ဥပ္ပါတသန္တိစေတီတော်တွင် တည်ထားကိုးကွယ်နိုင်ရန်အတွက်ရည်စူး၍ ထုလုပ်ပူဇော်ခဲ့သော ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်သည်။

ဆက်လက်၍ မဟာတံခွန်တိုင်တော် ဖွင့်လှစ်ခြင်း မင်္ဂလာအခမ်းအနားကို စေတီတော် အရှေ့တောင်ထောင့်ရှိ မဟာတံခွန်တိုင်တော်ရှေ့၌ ကျင်းပရာ စေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ တိုင်းမှူးနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများသည် ဒေဝါဝင်း၊ ရာဇာဝင်းများခြံရံလျက် မဟာတံခွန်တိုင်တော်ရှေ့၌ နေရာယူကြသည်။

ထို့နောက် အခမ်းအနားမှူး သဒ္ဓမ္မဇောတိကဓဇ ဦးသူရက သာသနမဟာဇေဋ္ဌ ဝိဝရဏပူဇာ မဟာတံခွန်တိုင်တော် ဖွင့်လှစ်ပူဇော်ခြင်းမင်္ဂလာဧကပိုဒ်ရတုကို ဖတ်ကြားပူဇော်သည်။

ယင်းနောက် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်နှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့က မဟာတံခွန်တိုင်တော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် မဟာတံခွန်တိုင်တော် မော်ကွန်းကမ္ပည်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး နံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကာ အခမ်းအနားမှူးက အောင်ဩဘာစာတမ်းကို ဖတ်ကြားသည်။

ယင်းနောက် မဟာဆုတောင်းပြည့်ဘုရားကြီးနှင့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ပင့်ဆောင်ပူဇော်ခြင်း၊ မဟာတံခွန်တိုင်တော် ဖွင့်လှစ်ခြင်းနှင့် ဗုဒ္ဓဝေယျာဝစ္စကုသိုလ်တော် ရေစက်ချမင်္ဂလာအခမ်းအနားကို စေတီတော်ရင်ပြင်ရှိ ဓမ္မာရုံတော်ကြီး၌ ဆက်လက်ကျင်းပရာ ဆရာတော်၊ သံဃာတော်များနှင့် ပရိသတ်တို့က နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ထို့နောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် နေပြည်တော်တပ်ကုန်းဌေးတောင်တောရကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသိရီထံမှ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များ၊ ပရိသတ်တို့က ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။

ယင်းနောက်ဆရာတော်၊သံဃာတော်များထံမှ မေတ္တသုတ်ပရိတ်တရားတော်ကိုနာယူကြပြီး ဆရာတော်ထံ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများ၊ ဧည့်သည်တော်များက ဆရာတော်သံဃာတော်များထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချ

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ နေပြည်တော်ပျဉ်းမနား မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကုဝိသာရထံမှ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များ၊ ပရိသတ်တို့က အနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ မင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရွှေမိုး ငွေမိုးရွာသွန်း

မင်္ဂလာ အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးသည် မင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုးငွေမိုးရွာသွန်းဖြိုးပေးသည်။

(သတင်းစဉ်)

ပူဇော်ကြည်ညို

ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ မဟာဆုတောင်းပြည့်ဘုရားကြီးအား ပူဇော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော်တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး မဟာတံခွန်တိုင်တော် မော်ကွန်းကမ္ပည်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)



ဌာပနာတော်များ ထည့်သွင်းပူဇော်

ဥပ္ပါတသန္တိ စေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ဗုဒ္ဓါသနပလ္လင်တော်အတွင်းသို့ ဌာပနာတော်များကို ထည့်သွင်းပူဇော်စဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

အငန်ဓာတ်ပြည့်ဆည်းပေးမှုလည်း မွန်းလွဲပိုင်း၌ အများဆုံးရရှိ တတ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ရှောင်ကြဉ်သင့်

နံနက်ပိုင်းဆားဓာတ်ပိုမို ပါဝင်သော အစားအစာများကို ရှောင်ကြဉ်သင့်ပြီး အာဟာရမျှတစွာပါဝင်သည့် အစာများကို ရွေးချယ် စားသုံးသင့်ကြောင်း၊ သို့မဟုတ်ပါက သွေးတိုးနှင့် နှလုံးရောဂါတို့ရရှိနိုင်ကြောင်း ၎င်းတို့က အကြံပြုထားသည်။ *(အင်တာနက်)*

---

* *ကျောဖုံးမှ*

ကလေးဝဒေသသည် ချင်းပြည်နယ် (မြောက်ပိုင်း)၏ အားထားရသည့် တံခါးဝအဖြစ်သာမက အိမ်နီးချင်းအိန္ဒိယနိုင်ငံနှင့် ဆက်စပ်လုပ်ကိုင်နေသော နယ်စပ်ကုန်သွယ်ရေးကဏ္ဍအပါအဝင် ဘက်စုံ၊ ကဏ္ဍစုံမှ သိသိသာသာဖွံ့ဖြိုးဝေစည်နေသည့်ဒေသအဖြစ် ယနေ့ ထင်ထင်ရှားရှား မြင်တွေ့နေကြရပေပြီ။

ချစ်ကြည်ရင်းနှီးရေး

မြစ်သာတံတားနှင့်အတူ ယှဉ်တွဲဖြစ်ပေါ်လာသောလမ်းမကြီးနှင့် တံတားများသည် ချင်းပြည်နယ် ဖွံ့ဖြိုးရေး၊ မုံရွာမြို့နှင့်ဆက်စပ်နေသည့် ချင်းတွင်းမြစ် အနောက်ဘက်ကမ်းဒေသများနှင့် ကလေးဝဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး၊ မြန်မာ-အိန္ဒိယနယ်စပ်ဒေသ ကုန်သွယ်မှုတိုးတက်ရေးတို့သာမက တိုင်းရင်းသားချစ်ကြည်ရင်းနှီးရေးကိုပါ ဖော်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အတွက်ရော ဒေသအတွက်ပါ အရေးပါအလေးထားရသည့် လမ်း၊ တံတားများပင် ဖြစ်ပေသည်။

ပေါင်းကူးဆက်သွယ်

မြစ်သာမြစ်ကူးတံတားသည် ပြည်ထောင်စုကြီး၏ ပေါင်းကူးတံတားများအနက် ပေါင်းကူးတံတားတစ်စင်းဖြစ်ရာ ချင်းပြည်နယ်နှင့် ဒေသပတ်ဝန်းကျင်ရှိ တိုင်းရင်းသားသွေးချင်းများသည် အခြားဒေသများရှိ တိုင်းရင်းသားသွေးချင်းများထံ လွယ်လင့်တကူ သွားလာနိုင်စေရန် ပေါင်းကူးဆက်သွယ်ပေးနိုင်ခဲ့ပြီဖြစ်ပါကြောင်း သတင်းမှတ်စုအဖြစ် ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း | မိုးလေဝသခန့်မှန်းချက် | သန်းသန်းနု ကိုးကားတင်ပြသည်

ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်ကျားမိုးအနည်းငယ် ရွာဖွယ်ရာရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ဖေဖော်ဝါရီ၂၂ရက် (ယနေ့) ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ဒေသများ၌ အများအားဖြင့် သာယာမည်ဖြစ်သည်။

တိမ်အနည်းငယ်ဖြစ်ထွန်း

ဖေဖော်ဝါရီ၂၂ရက်(**ယနေ့**)နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်မူ တိမ်အနည်းငယ် ဖြစ်ထွန်းမည်ဖြစ်သည်။

ဖေဖော်ဝါရီ၂၁ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဖော်ပြရပါက တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ရခိုင်ပြည်နယ်၌ တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ကျန်ပြည်နယ်နှင့်တိုင်း တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ရန်ကုန်မြို့၌ အမြင့်ဆုံးအပူချိန် ၁၀၀ဒီဂရီစင်တီဂရိတ်ရှိပြီး အနိမ့်ဆုံးအပူချိန် ၇၁ဒီဂရီ စင်တီဂရိတ်ရှိသည်။

ပျမ်းမျှအပူချိန်

ညအပူချိန်များမှာ ချင်းပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့၌ ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၆ ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့သည်။ ကျန်ဒေသများတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၄ဒီဂရီစင်တီဂရိတ်၊ လားရှိုးမြို့နှင့် အမ်းမြို့တို့၌ ၅ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်မှာ မြိတ်မြို့တွင် ၀ ဒသမ ၁၆ လက်မဖြစ်သည်။

သာယာနေ

ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ အများအားဖြင့် သာယာနေမည်ဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါသည်။

ကိုးကား - မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၉ခုနှစ် ဖေဖော်ဝါရီလအတွက်

နောက်ဆုံးပတ် (တနင်္ဂနွေနေ့)

(၂၂-၂-၂၀၀၉)ရက်နေ့

၂၀၀၉ခုနှစ် မတ်လအတွက်

(၈-၃-၂၀၀၉)ရက်နေ့ နှင့် (၂၉-၃-၂၀၀၉)ရက်နေ့

အပွေးမြင် အပင်သိ

၁၉၈၈ခုနှစ်ကနေ စပြီးကြည့်လိုက်ရင် မြန်မာ့နိုင်ငံရေးတိုးတက်မှုအပေါ် နိုင်ငံတကာအသိုင်းအဝိုင်းက အားမလိုအားမရဖြစ်ခဲ့ ကြပါတယ်။ ဒါကလည်း အမျိုးမျိုးသော အကြောင်းတရားတွေကြောင့် မြန်မာ့နိုင်ငံရေးဖြစ်စဉ်ဟာ ဝဏ်ပါခရီးလမ်းမှာ လျှောက်လှမ်းရသလို နှေးတဲ့အခါနှေး၊ ဝေးတဲ့အခါဝေး ဖြစ်ခဲ့ရတာပါ။

ဒီလို တိုးတက်မှုနှေးကွေးခဲ့တာကို ကုစားနိုင်ဖို့ နိုင်ငံတကာအသိုင်းအဝိုင်းက စိတ်ကောင်းစေတနာနဲ့ ကူညီဖို့ကြိုးစားခဲ့ကြတာလည်း တွေ့မြင်ရပါတယ်။ ဒါပေမယ့် တစ်ခါတလေတော့လည်း ပေါ့စေလိုလို့ ကြောင်ရုပ်ထိုးကာမှ ဆေးအတွက် လေးတာမျိုးတွေ ရှိတတ်ပါတယ်။ တချို့ကျတော့လည်း ပစ်တိုင်းထောင်ရုပ်ကို ကြိုးရှုပ်အောင် တမင်လုပ်ချင်တာတွေ ရှိတာပေါ့လေ။

တကယ်တော့ နိုင်ငံရေးပြဿနာတစ်ခုကို ဖြေရှင်းတယ်ဆိုတာ အိမ်တွင်းရေးကိစ္စတစ်ခု ဖြေရှင်းရသလိုပါပဲ။ အိမ်ထောင်တစ်ခုမှာ ဇနီး ခင်ပွန်းနှစ်ဦး ကတောက်ကဆတ် ဖြစ်ကြတဲ့အခါ ကြားထဲက ဘေးတီးပေးတဲ့သူတွေ၊ ကတုန်းကတိုက် လုပ်တဲ့သူတွေလည်း ရှိတတ်ပါတယ်။ တကယ်စေတနာနဲ့ ဝင်ပြီး ဖျန်ဖြေပေးတဲ့သူတွေရှိသလို ကြားဝင်ဖျန်ဖြေသလိုလိုနဲ့ တို့မီး ရှို့မီးလုပ်သွားတဲ့ သူတွေလည်း ရှိတတ်ပါတယ်။ သူ့ဘက် ကိုယ့်ဘက်ပါလာတဲ့ နှစ်ဖက်ဆွေမျိုးတွေက ဝင်စွက်ကြလို့ အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်တာတွေလည်း ရှိတတ်ပါတယ်။ ဒီလိုအချိန်မျိုးကျရင် ဘယ်သူကမှ မခေါ်မပင့်ပါဘဲ ပေါက်ချလာပြီး ငယ်တဲ့အမှုကိုကြီးအောင်၊ ကြီးတဲ့အမှုကို ရှင်းမရအောင် အကြံကောင်း ဉာဏ်ကောင်းပေးသလိုလိုနဲ့ လာဖွပြီး ချောက်ချတတ်တဲ့သူတွေလည်း အများကြီးပါပဲ။ အဆုံးမှာတော့ သူတို့ပယောဂကြောင့် ဒုက္ခရောက်သွားကြရရင် ဝမ်းမြောက်ဝမ်းသာနဲ့ အိမ်တကာလည် မောင်းတီးပြီး အတင်းတွေပြော အပုပ်ချတာတွေ လုပ်ကြတာလည်း သူတို့တစ်တွေပါပဲ။

နိုင်ငံတစ်ခုရဲ့ ပြဿနာဆိုလည်း ဒီအတိုင်းပါပဲ။ ဘေးပယောဂတွေကလည်း အများကြီး၊ မမှန်သတင်းလွှင့်ပြီး အမနာပပြောချင်တဲ့သူတွေကလည်း အများကြီးပါ။ ဒါကြောင့်စေတနာအမှန်နဲ့ ဝင်ပြီးကူညီဖြေရှင်းပေးချင်တဲ့ သူတွေအတွက်လည်း အခက်အခဲတွေ အများကြီးရှိတတ်ပါတယ်။

ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ကြီးအနေနဲ့ မြန်မာနိုင်ငံရဲ့ အရေးကိစ္စတွေမှာ ပါဝင်ကူညီ ဖြေရှင်းပေးဖို့အတွက် ကြိုးပမ်းနေခဲ့တာလည်း အတော်ကလေး သက်တမ်းရလာခဲ့ပြီ ဖြစ်ပါတယ်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ်တစ်ဦးထားရှိပြီး အစိုးရနဲ့ အတိုက်အခံကြားမှာ စေ့စပ်ဆွေးနွေးမှု ဖြစ်မြောက်ရေးအတွက် ဝင်ရောက်ကူညီခဲ့သလို လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူတစ်ယောက်ထားရှိပြီးတော့ မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေး အခြေအနေတွေ တိုးတက်အောင် လုပ်ဆောင်နိုင်ရေးအတွက် အကြံပြုကူညီစေခဲ့တာလည်း ရှိပါတယ်။

ကုလသမဂ္ဂအဖွဲ့အနေနဲ့ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံရဲ့ အရေးကိစ္စမှာ ပါဝင်ကူညီ ဆောင်ရွက်တဲ့အခါတိုင်းမှာ သက်ဆိုင်ရာနိုင်ငံရဲ့ အချုပ်အခြာအာဏာ စီရင်ပိုင်ခွင့် နယ်ပယ်အတွင်း ကျရောက်တဲ့ကိစ္စများကို ဝင်မစွက်မိစေဖို့၊ သဘောထားချင်း မတိုက်ဆိုင်တဲ့ အုပ်စုနှစ်စုအကြားမှာ ဘယ်ဘက်ကိုမှ မလိုက်ဘဲ မျှမျှတတအမြင်နဲ့ ပြဿနာကိုချဉ်းကပ်နိုင်ဖို့၊ နှစ်ဦးနှစ်ဖက်လက်ခံနိုင်မယ့် ပြဿနာ ဖြေရှင်းရေးနည်းလမ်းကို ကူညီရှာဖွေ အကြံပြုနိုင်ဖို့ သက်ဆိုင်ရာ ကိုယ်စားလှယ်တွေအနေနဲ့ မိမိကိုပေးအပ်ထားတဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့် ဘောင်အတွင်းကနေ အကောင်းဆုံးရလဒ် ပေါ်ထွက်လာအောင် ကြိုးပမ်းဖို့ စတဲ့ဆောင်ရန် ရှောင်ရန် အချက်တွေနဲ့အညီ သိမ်သိမ်မွေ့မွေ့ ချဉ်းကပ်လှုပ်ရှားကြရတာ ဖြစ်ပါတယ်။

ဒါကိုပဲ မသိနားမလည်သူတွေ၊ သိသော်လည်း မသိဟန်ပြုပြီး အပြစ်တင်လိုသူတွေက မိမိတို့လိုဘ မပြည့်တဲ့အခါတိုင်း ယိုးမယ်ဖွဲ့ပြီး အမျိုးမျိုးကဲ့ရဲ့ ပုတ်ခတ်ပြောဆိုတတ်ကြတာလည်း ရှိပါသေးတယ်။

ဒါပေမယ့် အမှန်တကယ်လေးလေးနက်နက် စဉ်းစားကြည့်ရင် ပြင်ပက လာပြီး ကူညီတယ်ဆိုတာ ဓာတုဗေဒဘာသာရပ်မှာ ဒြပ်စင်နှစ်ခုကိုပေါင်းစည်း ဓာတ်ပြုနိုင်ရေးအတွက် ဘေးကနေ ထောက်ကူပေးတဲ့ ဓာတ်ကူပစ္စည်းလိုပါပဲ။ ဓာတ်ကူပစ္စည်း ဘယ်လောက်ကောင်းကောင်း မပေါင်းစည်းနိုင်တဲ့ ဒြပ်စင်နှစ်ခုကို အတင်းပေါင်းစည်းအောင် ပြုလို့မရနိုင်ပါဘူး။ နိုင်ငံရေးကိစ္စမှာလည်း ဒီလိုပါပဲ။ ကာယကံရှင် နှစ်ဦးနှစ်ဖက်အကြားမှာဖြစ်တဲ့ သဘောထား မတိုက်ဆိုင်မှုဟာ ဒီကာယကံရှင် နှစ်ဦးနှစ်ဖက်အကြားမှာပဲ အပြန်အလှန် နားလည်မှု၊ အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန်လေးစားမှု၊ အပြန်အလှန် ခွင့်လွှတ်သဘောထားကြီးမှုစတဲ့ စိတ်ကောင်းစေတနာမှန်တွေနဲ့ ဖြေရှင်းနိုင်မှ အမှန်တကယ်ပြေလည်မှုရကြမှာ ဖြစ်ပါတယ်။

လူဆိုတာ ပုထုဇဉ်လူသားအဆင့်မှာတော့ ဘယ်သူမှ ပြီးပြည့်စုံအောင် အမြဲမှန်ကန်တယ်ဆိုတာ မရှိပါဘူး၊ ပညတ်တရားတွေနဲ့ တည်ဆောက်ထားတဲ့ လောကီနယ်ပယ်ရဲ့ သမုတိသစ္စာ ဘောင်ကြီးထဲမှာ အမှန်တရားဆိုတာ အများကြီးရှိနေတာပါ။ အစွဲမကင်းသမျှ ကိုယ့်လိုဘကို ဖြည့်ဆည်းပေးနိုင်တာ ကိုယ့်အတွက်အမှန်လို့ ယူကြ၊ စွဲကြတာချည်းပါပဲ။ နိုင်ငံရေးဆိုတာ ကိုယ့်အကျိုးအတွက်လို့ယူရင် ကိုယ်ကျိုးဖြည့်ဆည်းပေးနိုင်တဲ့ အရာဟာ အမှန်လို့ ဆိုပါလိမ့်မယ်။ နိုင်ငံရေးကို လူ့အဖွဲ့အစည်းအကျိုး လုပ်တာလို့ မြင်ရင်တော့ လူ့အဖွဲ့အစည်း တစ်ခုလုံးရဲ့ အကျိုးစီးပွား၊ အမျိုးသား အကျိုးစီးပွားကို ဖြစ်ထွန်းစေတဲ့ကိစ္စဟာ အမှန်တရားဖြစ်ပါလိမ့်မယ်။

မြန်မာနိုင်ငံကိစ္စမှာ ဘယ်ဘက်ကိုမှ မလိုက်ဘဲ ကြားထဲက အမြင်နဲ့ ပြောရရင် အစိုးရအနေနဲ့ရော အစိုးရနဲ့ သဘောထားမတူတဲ့ ဘက်ကရော မြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာစေချင်တယ်။ ဖွံ့ဖြိုးတိုးတက်စေချင်တယ်။ ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်စေချင်တယ်။ ဒီမိုကရေစီအနှစ်သာရတွေ ပြည့်ပြည့်ဝဝ ရရှိခံစားရစေချင်တယ်ဆိုတဲ့ စေတနာဆန္ဒအားဖြင့် တစ်သဘော တည်းရှိလိမ့်မယ်လို့ ယုံကြည်ပါတယ်။ သို့သော်လည်း အဲဒီဆန္ဒကို အကောင်အထည်ဖော်တဲ့နေရာမှာ ရည်မှန်းချက် ပန်းတိုင်ဆီကို ချဉ်းကပ်ချီတက်မယ့် နည်းလမ်းပိုင်းမှာ သဘောကွဲလွဲမှုရှိနေတဲ့အတွက် အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်မှု အားနည်းနေတယ်လို့ ထင်ပါတယ်။ ဒီလိုကွဲလွဲမှုတွေကို နည်းပါးသွားအောင် ကူညီညှိနှိုင်းပေးဖို့အတွက် ကုလသမဂ္ဂအဖွဲ့ကြီးက မြန်မာနိုင်ငံအပေါ် စိတ်ဝင်တစား စေတနာထားပြီး လာရောက်ကူညီတာဟာ နိုင်ငံအကျိုး၊ အမျိုးသားအကျိုးလိုလားတဲ့ မြန်မာပြည်သူတိုင်းက စိတ်သဘောရိုးရိုးနဲ့ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုရမယ့်ကိစ္စပါ။

ဒီလို ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ ကိုယ်စားလှယ်တွေ၊ အထူးအစီရင်ခံစာ တင်သွင်းသူတွေလာရောက်ပြီး ကူညီကြတဲ့နေရာမှာ မြန်မာ့နိုင်ငံရေးရဲ့ ထူးခြားတဲ့သဘောသဘာဝတွေကြောင့်ရော ပြင်ပကပယောဂတွေ၊ ဖိအားပေးမှုတွေရဲ့ သက်ရောက်မှုတွေကြောင့်ပါ စိန်ခေါ်မှုတွေနဲ့တွေ့ကြုံရတတ်တာလည်း ဖြစ်တတ်

လှိုင်အောင်

တဲ့သဘာဝပါပဲ။ ကိစ္စတစ်ခုကို ဖြေရှင်းတယ်ဆိုကတည်းက 'အရှုပ်ရှိလို့ ဖြေ၊ အထွေးရှိလို့ရှင်း' ကြရတာဖြစ်ပါတယ်။ ဒါကြောင့် ရှုပ်ထွေးမှုရှိတဲ့ ဘယ်ကိစ္စမှ လွယ်လွယ်ကူကူနဲ့တော့ ဖြေရှင်းနိုင်ကြတာမဟုတ်ပါဘူး။ အရေးအကြီးဆုံးက ကာယကံရှင်နှစ်ဦးနှစ်ဖက်နဲ့ ကြားဝင်ကူညီတဲ့သူ၊ သုံးဦးသုံးဖလှယ်အကြားမှာ စေတနာမှန်မှန်နဲ့ ထိတွေ့ဆက်ဆံပြီး သံသယတွေ၊ အာဃာတအစွဲတွေကို ဖျောက်၊ ယုံကြည်မှုကိုတည်ဆောက်၊ တူညီတဲ့ပန်းတိုင်အတွက် ညီညွတ်မျှတပြီး အလုပ်ဖြစ်နိုင်တဲ့၊ လက်တွေ့ကျတဲ့ အဖြေတစ်ခုကို ရအောင်ရှာကြဖို့ပဲဖြစ်ပါတယ်။ တစ်ဦးချင်းအကျိုးစီးပွား၊ တစ်အုပ်စုချင်း အကျိုးစီးပွားထက် အားလုံးရဲ့ အကျိုးစီးပွားကို ပိုပြီးဦးစားပေး အလေးထားကာ ဖြေရှင်းကြမယ်ဆိုရင် ဒီအဖြေကို မတွေ့စရာမရှိဘူးလို့ ထင်ပါတယ်။

၂၀၁၀ ပြည့်နှစ်မှာ ဒီမိုကရေစီနိုင်ငံသစ်ကိုစပြီး အုတ်မြစ်ချတော့မယ့် နိုင်ငံအတွက်အရေးပါတဲ့ အလှည့်အပြောင်းကာလ နီးလာတာနဲ့အမျှ မြန်မာ့အရေးကိစ္စမှာ ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ ပါဝင်ကူညီဆောင်ရွက်ပေးမှုတွေဟာလည်း တိုးတက်မှုအရှိန်အဟုန်တွေ ပိုပြီးရလာတယ်လို့ ပြည်သူတစ်ယောက်အနေနဲ့ ခံစားရှုမြင်မိပါတယ်။

မကြာခင်က လာသွားခဲ့တဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီရဲ့ ခရီးစဉ်မှာဆိုရင်လည်း သုံးဦးသုံးဖလှယ်အတွက် အပေါင်းလက္ခဏာဆောင်တဲ့ ရလဒ်တွေ အနည်းနဲ့အများရခဲ့တယ်လို့ ထင်မြင်ယူဆမိပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့လည်း မစ္စတာဂမ်ဘာရီရဲ့ ဆန္ဒအတိုင်း တွေ့ဆုံလိုသူတွေနဲ့ တွေ့ဆုံနိုင်အောင် စီစဉ်ပေးခဲ့သလို၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်တွေကိုလည်း သူတို့ရဲ့ ဆန္ဒအတိုင်း မစ္စတာဂမ်ဘာရီနဲ့ မတွေ့ဆုံမီမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဆွေးနွေးပြီးမှ မစ္စတာဂမ်ဘာရီနဲ့ တစ်ပေါင်းတည်းတွေ့ဆုံဖို့ စီစဉ်ပေးခဲ့တာ စေတနာမှန်နဲ့ လိုက်လျောမှုတွေကို ပြသခဲ့တာပဲလို့ထင်ပါတယ်။ ဒါ့အပြင် မစ္စတာဂမ်ဘာရီရဲ့ ယခင်ခရီးစဉ်က အကြံပြုချက်ကို အလေးထားတဲ့အနေနဲ့ အကျဉ်းထောင် အသီးသီးက အကျဉ်းသားပေါင်း ကိုးထောင်ကျော်ကို လွတ်ငြိမ်းခွင့်ပေးခဲ့တာလည်း ဘယ်သူတွေ ကျေးဇူးတင်တင်၊ မတင်တင် လွတ်မြောက်လာတဲ့သူတွေ အများစုကြီးကတော့ နိုင်ငံတော်အစိုးရကိုရော မစ္စတာဂမ်ဘာရီကိုပါ ကျေးဇူး တင်ကြမှာပါ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အနေနဲ့လည်း နိုင်ငံတော် အစိုးရနဲ့ သဘောထားတူတာ၊ မတူတာ တစ်ပိုင်းထားပြီး မစ္စတာဂမ်ဘာရီကို မိမိတို့ရဲ့အမြင်သဘောထားတွေ တစုတစည်းတည်းပြောဆိုတင်ပြခွင့်ရတာဟာ အများကြီး အကျိုးရှိမှာ ဖြစ်ပါတယ်။ မစ္စတာဂမ်ဘာရီအနေနဲ့လည်း မြန်မာ နိုင်ငံရေးရဲ့ ပကတိအခြေအနေတွေကို ရနိုင်သမျှအချိန်အတွင်းမှာ ဘက်ပေါင်းစုံက လက်တွေ့ သိမြင်နားကြားနိုင်ခွင့် ရရှိခဲ့ပြီး တစ်ကြိမ်ထက် တစ်ကြိမ် အဖြစ်မှန်တွေကို ပိုမိုနားလည် သဘောပေါက်လာနိုင်တာဟာ တကယ့်အကျိုး အမြတ်ကြီး တစ်ခုပါပဲ။ ဒါ့အပြင် မိမိရဲ့ အကြံပြုချက်တွေဟာလည်း အနည်းနဲ့ အများ ဆိုသလို လက်တွေ့အရာထင်လာခဲ့ပြီး မြန်မာအစိုးရဘက်က အပြုသဘော ဆောင်ရွက်ပေးခဲ့မှုတွေဟာ ခရီးစဉ်ရဲ့ အောင်မြင်မှုလို့ ဆိုနိုင်ပါလိမ့်မယ်။

ကာယကံရှင် နှစ်ဦးနှစ်ဖက်အကြား မှာဖြစ်တဲ့ သဘောထားမတိုက်ဆိုင်မှုဟာ ဒီကာယကံရှင် နှစ်ဦးနှစ်ဖက် အကြား မှာပဲ အပြန်အလှန် နားလည်မှု၊ အပြန်အလှန် ယုံကြည်မှု၊ အပြန်အလှန် လေးစားမှု၊ အပြန်အလှန် ခွင့်လွှတ် သဘောထားကြီးမှုစတဲ့ စိတ်ကောင်း စေတနာမှန်တွေနဲ့ ဖြေရှင်းနိုင်မှ အမှန် တကယ် ပြေလည်မှု ရကြမှာဖြစ်။

အလားတူပဲ ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာတောမတ်အိုဟေးကင်တားနားရဲ့ အခုပြီးခဲ့တဲ့ မြန်မာနိုင်ငံခရီးစဉ်မှာလည်း အပြုသဘောဆောင်တဲ့ ဖြစ်ထွန်းမှုတွေ အတော်များများတွေ့မိပါတယ်။ မစ္စတာကင်တားနားရဲ့ ခရီးစဉ်မှာ လူ့အခွင့်အရေးဆိုင်ရာ တကယ့်မြေပြင်အခြေအနေတွေကို စိတ်ကြိုက်သီးသန့် လွတ်လပ်စွာ လေ့လာစုံစမ်းနိုင်ဖို့ ဘားအံနဲ့ ရန်ကုန်အကျဉ်းထောင်တွေမှာ ဝင်ရောက်လေ့လာတဲ့အစီအစဉ်တွေ ဆောင်ရွက်ပေးခဲ့သလို နယ်စွန်နယ်ဖျားဒေသ တိုင်းရင်းသားတွေရဲ့ လူ့အခွင့်အရေးဆိုင်ရာ ပကတိအခြေအနေမှန်တွေကို သိရှိနိုင်စေဖို့ ဒေသခံ ငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင်တွေနဲ့ တွေ့ဆုံဆွေးနွေးနိုင်အောင် စီစဉ်ပေးခဲ့တာ ထူးခြားပြီး အကျိုးရှိတဲ့လုပ်ရပ်တစ်ခုလို့ မြင်ပါတယ်။ဘာလို့လဲဆိုတော့ အရင်ကဆိုရင် အထူးအစီရင်ခံစာ တင်သွင်းသူတွေဟာ နယ်စပ်တစ်ဖက်ကမ်းက ပြည်ပြေးအုပ်စုတွေနဲ့ သောင်းကျန်းသူ အကြွင်းအကျန်တွေနဲ့ပဲ ထိတွေ့သတင်းရယူခဲ့ကြတော့ တစ်ဖက်အမြင် တစ်ခုတည်းကိုပဲ သိခွင့်ရခဲ့ကြတာ ဖြစ်ပါတယ်။ အခုတစ်ခေါက်မှာတော့ 'Seeing is believing' ဆိုတဲ့အတိုင်း ဒေသခံပြည်သူတွေရဲ့ ပကတိ အခြေအနေတွေကို ကိုယ်တွေ့မျက်မြင် သိရှိသွားနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် လူ့အခွင့်အရေး ထိန်းသိမ်းစောင့်ရှောက်ရေးအတွက်နိုင်ငံတော်အပိုင်းက တာဝန်ရှိသူတွေဖြစ်တဲ့ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ပြည်ထဲရေးဝန်ကြီးစတဲ့ ပုဂ္ဂိုလ်တွေနဲ့တွေ့ဆုံပြီး နိုင်ငံတော်အစိုးရက ဆောင်ရွက်နေတဲ့လုပ်ငန်းစဉ်တွေကို လေ့လာနိုင်ခဲ့သလို အမြင်ချင်းဖလှယ်ပြီး လိုအပ်တာတွေကို အကြံပြုနိုင်ခဲ့တာ၊ **နိုင်ငံတော်အစိုးရဘက်က အပြုသဘောဆောင်တဲ့ တုံ့ပြန်မှုတွေ၊ မစ္စတာကင်တားနားရဲ့ အကြံပြုချက်ကို အလေးထားစဉ်းစားပြီး ပူးပေါင်းဆောင်ရွက်ဖို့ သဘောတူခဲ့တာတွေဟာ ထူးခြားတဲ့တိုးတက်ဖြစ်ထွန်းမှုတွေလို့ ဆိုနိုင်ပါတယ်။ ဒီခရီးစဉ်ရဲ့ နောက်ဆက်တွဲရလဒ်အဖြစ် အကျဉ်းထောင်တွေက နောက်ထပ်အကျဉ်းသားပေါင်း ခြောက်ထောင်ကျော် (၆၃၁၃ဦး)ကို ထပ်ပြီးလွတ်ငြိမ်းခွင့် ပေးခဲ့တာဟာလည်း နောက်ထပ်အပြုသဘောဆောင်တဲ့ ကိစ္စလို့ ဆိုရမှာပါပဲ။**

ဘာပဲဖြစ်ဖြစ် 'ကျားကျားမီးယပ်' ဆိုတာလို ဒီပုဂ္ဂိုလ်ကြီးတွေရဲ့ခရီးစဉ်တွေကို ကြံဖန်အပြစ်တင်တဲ့သူတွေ၊ မယုံသင်္ကာစိတ်နဲ့ ပူးပေါင်းပါဝင်ဖို့ ဝန်လေးနေတဲ့သူတွေ၊ ဒီခရီးစဉ်တွေကို နိုင်ငံရေးကျားကွက်တစ်ခုလို သဘောထားပြီး အတက်အဆုတ်၊ အလှုပ်အရှားတွေနဲ့ ကစားချင်တဲ့သူတွေလည်း ရှိနေကောင်းရှိနေဦးမှာပါပဲ။ အရည်အသွေး၊အကျင့်စာရိတ္တနဲ့အရည်အချင်းစစ်စာမေးပွဲဆိုတာ မရှိတဲ့ နိုင်ငံရေးနယ်ပယ်မှာ အစိုးရကို များများတွယ်ပြီး လေနဲ့အပုပ်ချနိုင်လေလေ လက်ခုပ်သံရလေလေဆိုတဲ့ ဖော်မြူလာနဲ့ လုပ်စားချင်ကြတဲ့ နိုင်ငံရေး 'လုပ်'စားသူတွေကလည်း ရှိနေကြတာမို့လို့ပါ။

သို့သော်လည်း ဆင်ခြင်တုံတရားနဲ့ ပညာဉာဏ်ယှဉ်ပြီး သုံးသပ်လေ့လာတတ်သူတွေအတွက်ကတော့ ''အပွေးမြင် အပင်သိ'' ဆိုတာလို အခုဖြစ်ထွန်း တိုးတက်မှုတွေက မကြာခင်မှာပေါ်ပေါက်လာတော့မယ့် ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် မှန်ကန်တဲ့လမ်းကြောင်းကို ဦးတည်နေတဲ့ အရေးပါသော ခြေလှမ်းများဖြစ်တယ်ဆိုတာ နားလည်သဘောပေါက်ကြလိမ့်မယ်လို့ ထင်မြင်ယူဆမိပါတယ်။ ။

၂၀၁၀ ပြည့်နှစ်မှာ ဒီမိုကရေစီနိုင်ငံသစ်ကိုစပြီး အုတ်မြစ်ချတော့မယ့် နိုင်ငံအတွက် အရေးပါတဲ့ အလှည့်အပြောင်းကာလ နီးလာတာနဲ့အမျှ မြန်မာ့အရေးကိစ္စမှာ ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ ပါဝင်ကူညီဆောင်ရွက်ပေးမှုတွေဟာလည်း တိုးတက်မှု အရှိန်အဟုန်တွေ ပိုပြီးရလာတယ်လို့ ပြည်သူတစ်ယောက်အနေနဲ့ ခံစားရှုမြင်မိ ပါတယ်။

22-2 (10).pmd 1 2/22/2009, 2:04 AM

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ညဏ်တော် ၃၂၅ ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"**အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

၎င်းစေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဖေဖော်ဝါရီလ ၂၁ရက်နေ့မှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ကုန်းတော်ရှိ ဓမ္မာရုံ၌ ကိန်းဝပ်ပူဇော်ခံလျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့်ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁)	စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ထည့်သွင်းပူဇော်ရန် ရတနာပစ္စည်းများ	ကိုယ်တိုင်ကိုယ်ကျ ထည့်သွင်းပူဇော်နိုင်ရန် ပန်းထိမ်အဖွဲ့များ တစ်ပါတည်း ထားရှိပေးမည်။
(၂)	ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း
(၃)	ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ×၁ပေ)	၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ရတနာပစ္စည်းများ ထည့်သွင်းပူဇော်လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော်ကုန်းတော်၊ ဓမ္မာရုံရှိ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီသို့ ဆက်သွယ်၍ ပူဇော်လှူဒါန်းနိုင်ပါသည်။

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

● *ကျောဖုံးမှ*

နည်းပြနှစ်ဦးဖြစ်တဲ့ မော်ရင်ဟိုနဲ့ ဖာဂူဆန်ဟာ ပရီမီယာလိဂ်မှာရှိစဉ်တုန်းက အားစမ်းခဲ့ကြဖူးသူနှစ်ဦးပါ။ မော်ရင်ဟို အင်တာမီလန်ရောက်သွားပြီးမှသာ ဖာဂူဆန်နဲ့ မတွေ့ရတော့တာပါ။ အခုတော့ အင်တာနည်းပြအဖြစ်နဲ့ ဖာဂူဆန်ကို ရင်ဆိုင်ပါပြီ၊ မော်ရင်ဟိုဟာ ဖာဂူဆန်ရဲ့ မန်ယူကစားတဲ့ပွဲတချို့ကိုလဲ အင်္ဂလန်ကို တကူးတက လာကြည့်ကာ နည်းစနစ် ဘယ်လိုရှိတယ်ဆိုတာ လာပြီးလေ့လာတာလည်းတွေ့ရတယ်။ မန်ယူကလည်းပဲ နောက်ပိုင်းမှာ ကစားအားကိုသာမက နည်းစနစ်ပိုင်းမှာပါ စနစ်ပေါင်းစုံနဲ့ ကစားနိုင်အောင်လို့ လေ့ကျင့်နေပါတယ်။ ကစားသမားတွေလည်းပဲ အနည်းဆုံး နှစ်နေရာလောက်ကစားနေကြလို့ အင်တာအနေနဲ့ မန်ယူကို လျှော့တွက်လို့မရပါဘူး။ မော်ရင်ဟိုဟာ ဖာဂူဆန်ကို နိုင်ချင်ဇောကြီးပြီး လောနေမယ်ဆိုရင်တော့ တကယ်ကစားတဲ့အခါမှာ အမှားတွေ တွေ့ရနိုင်တာ သတိထားရပါလိမ့်မယ်။ မိုင်ကွန်၊ အီဘရာဟီမိုဗစ်တို့ကြောင့် ကစားအားကောင်းနေတဲ့ အင်တာဟာ မန်ယူလိုအသင်းမျိုးကို အိမ်ကွင်းမှာ သတိကြီးကြီးထားပြီး ရင်ဆိုင်ရပါလိမ့်မယ်။ မန်ယူကတော့ မနှစ်တုန်းက ချန်ပီယံလိဂ်မှာ ချန်ပီယံဖြစ်အောင် ကစားခဲ့တဲ့အတိုင်း အထူးသဖြင့် ဘာစီလိုနာနဲ့ အကြိုဗိုလ်လုပွဲမှာ ရင်ဆိုင်သွားတဲ့ဟန်အတိုင်း သေချာပိတ်ဆို့ပြီးကစားမှာပါ၊ အိမ်ကွင်းရောက်မှသာ မန်ယူတိုက်စစ်ဖွင့်ကစားဖို့ရှိနေနိုင်တယ်၊ မန်ယူနဲ့အင်တာဟာ ကစားသမားအပိုင်းမှာရော၊ ကစားအားအပိုင်းမှာပါ ထင်သလောက် မကွာလှပါဘူး၊ အတွေ့အကြုံရင့်ကျက်သူတွေချည်းပါပဲ၊ တစ်ခုတော့ပြောစရာရှိတယ် ဘာလဲဆိုတော့ ရွှန်နေ၊ အီဘရာဟီမိုဗစ်တို့လို အဆုံးအဖြတ်ပေးနိုင်စွမ်းရှိတဲ့ ကစားသမားမျိုးတွေ နှစ်သင်းစလုံးမှာ မပါလာနိုင်ရင် တိုက်စစ်အားကတော့ နည်းနည်းကျနိုင်တာ သတိထားရပါလိမ့်မယ်။ မော်ရင်ဟိုကတော့ အိမ်ကွင်းမှာ လူစုံစုံမစုံစုံ မန်ယူကို ဖိအားပေးမှာပါ။ အရှုံးခံလို့မရဖြစ်နေတော့ ဖာဂူဆန်လည်းပဲ ဗီဒစ်မပါတဲ့ သူ့အသင်းကို အကောင်းဆုံးဖြစ်အောင် ပြင်ဆင်မှာပါ၊ နောက်တစ်ချက်က ဖာဂူဆန်ရဲ့ လှည့်ကွက်ပါ။ ဖလားရဖို့လည်းပဲ အာရုံထားနေတော့ သူဟာ အဝေးကွင်းကစားရမယ့်ပွဲမှာ မရှုံးအောင် သရေရဖို့တော့ လုပ်သွားမှာပါ၊ မော်ရင်ဟိုရဲ့ အင်တာဟာ ခံစစ်ပိုင်းမှာ အတောင့်တင်းဆုံးဖြစ်ပေမယ့် တစ်ခါတစ်ခါမှာ မထင်မှတ်ထားလောက်အောင် အကျဘက်ရောက်တတ်ပြီး ဂိုးတွေ ပေးရတာမျိုး တွေ့ရတတ်ပါတယ်။ သုံးသပ်မိတာကတော့ အခုပွဲဟာ မော်ရင်ဟိုရဲ့ အတွက်ကြီးမှုတွေကြောင့်ပဲ ဖာဂူဆန်ကို အသာရနေလျက်နဲ့ နောက်ဆုံးမှာ သရေနဲ့သာ အဆုံးသတ်ဖို့များပါတယ်။

အောင်ပွဲခံ ပျော်မြူးနေကြသည့် ရိုးမားအသင်းသားများ။



အာဆင်နယ်အသင်း လူငယ်တိုက်စစ်မှူး ဝဲကော့၏ ထိုးဖောက်တိုက်စစ်ဆင်မှု။

အာဆင်နယ်-ရိုးမား

အာဆင်နယ်ကတော့ အိမ်ကွင်းမှာ ရိုးမားရဲ့ခြေစွာနေမှုတွေကို အဆုံးသတ်ပေးဖို့ စနစ်တကျနဲ့ ပုံစံတစ်ခုချထားပေးမှာပါ၊ လတ်တလောမှာ လူသစ်တွေနဲ့ အံဝင်မှု နည်းနေသေးပေမယ့် ကျန်တဲ့သူတွေဟာ အာဆင်နယ်ကို အကောင်းဆုံးပံ့ပိုးပေးနေပါသေးတယ်၊ ဖာဘရီဂတ်စ်မပါလို့ ကွင်းလယ်အနည်းငယ်အားပျော့နေနိုင်ပေမယ့် ရိုးမားဟာ အာဆင်နယ်ရဲ့တိုက်စစ်ကို ရှိတဲ့ကစားသမားတွေနဲ့ ယှဉ်ရခက်နေပါလိမ့်မယ်၊ ရိုးမားဟာ အင်္ဂလန်မြေလာတိုင်း အသာရမှုနည်းပါးတတ်တာ အစဉ်အလာပါ၊ ဒါပေမယ့် အာဆင်နယ်နဲ့ဆုံခဲ့ဖူးတဲ့ ၂၀၀၂-၂၀၀၃ ချန်ပီယံလိဂ် အုပ်စုဒုတိယအဆင့်မှာ ၁-၁ သရေကျထားခဲ့ဖူးတဲ့ အစဉ်အလာအရ သရေခံကန်ဖို့ကို ကြိုးစားသွားဖို့ရှိပါသေးတယ်။ ဘာကြောင့်လဲဆိုရင် ရိုးမားရဲ့ကစားဟန်ဟာ ကောင်းပေမယ့်လည်း တစ်ဖက်တိုက်စစ်ကို တောင့်ခံထိန်းသိမ်းရမှာအားနည်းတယ်၊ လူစုံပြန်ပါလာတာမှန်ပါတယ် အဝေးကွင်းဖြစ်နေလို့ သူတို့ဟာ ခြေစွမ်းပိုင်းမှာ အနည်းငယ်တော့ တွန့်ဆုတ်နေနိုင်ပါသေးတယ်။ အာဆင်နယ်လည်းပဲ လူစုံပါပါ မပါပါ အိမ်ကွင်း အမ်းမရိတ်မှာ အသာရအောင်ကို ရုန်းကြမှာပါ။ လူငယ်တွေကလည်း အတွေ့အကြုံပိုင်းမှာသာမက ကစားအား အပိုင်းမှာလည်းပဲ အတန်အသင့်ပြည့်ဝနေကြပြီဖြစ်လို့ ရိုးမားရဲ့ထိုးဖောက်မှုတွေကို ထိန်းနိုင်ကြမှာပါ။ အာဆင်နယ်ကစားသမားဟောင်း ဘာတစ္စတာကလည်း ဝင်းဂါးရဲ့ အာဆင်နယ်နောက်တန်းကို ဗူချီနစ်တို့လို ထိုးဖောက်ဖို့ဆိုတာ မလွယ်လှပါဘူး။ ချယ်လ်ဆီးလိုမဟုတ်တဲ့ အာဆင်နယ်ကတော့ ရိုးမားလိုအသင်းမျိုးကို ပထမအကျော့မှာ ပြတ်သားအောင်လုပ်ကြဖို့များပါတယ်၊ ဒါကြောင့်လည်းပဲ အခုပွဲဖြစ်နိုင်ခြေတွေအရ ကောက်ချက်ဆွဲချကြည့်လိုက်တဲ့အခါ အိမ်ကွင်းအားသာချက်နဲ့ ကစားအား အပိုင်းမှာ အသာရနေဖို့သေချာတဲ့ အာဆင်နယ်ပဲ အလေးသာပါတယ်။

လိုင်ယွန်-ဘာစီလိုနာ

ပြင်သစ်ကလပ်ဖြစ်တဲ့ လိုင်ယွန်လည်းပဲ ချန်ပီယံလိဂ်အတွေ့အကြုံ ပြည့်ဝနေပါတယ်။ ဒါကြောင့် ဘာစီလိုနာလိုအသင်းမျိုးကို အိမ်ကွင်းမှာ မနှစ်က ချန်ပီယံလိဂ်မှာ ဆုံခဲ့စဉ်ကအတိုင်း အခက်တွေ့အောင်လုပ်မှာပါ။ မနှစ်ကတော့ လိုင်ယွန်ဟာ ချန်ပီယံလိဂ် အုပ်စုအဆင့်မှာဆုံစဉ်က အိမ်ကွင်းမှာ ၂-၂ သရေရအောင် ကစားနိုင်ခဲ့တယ်။ ပြီးခဲ့တဲ့ ၂၀၀၁-၂၀၀၂ ချန်ပီယံလိဂ်မှာတုန်းကတော့ လိုင်ယွန်ဟာ အိမ်ကွင်းမှာ ၂-၃ နဲ့ ရှုံးထားဖူးတယ်။ ဒီနှစ်ခြေစွမ်းအရတော့ လိုင်ယွန်ဟာ ဘာစီလိုနာလောက် မကောင်းပေမယ့် အိမ်ကွင်းဖြစ်နေတဲ့အတွက် မက်ဆီတို့ပါဝင်နေတဲ့ ဘာစီလိုနာကို အခုပထမအကျော့မှာ မရရအောင်တော့ ယှဉ်ကစားပြမှာပါ၊ ဒါကြောင့်လည်းပဲ ဘာစီလိုနာဟာ လူစုံသုံးကစားတာတောင် အသာရဖို့ ခက်နေနိုင်ပါတယ်၊ ခပ်ကြမ်းကြမ်း ဖျက်ထုတ်မှုတွေကြောင့်ရယ်၊ ဘန်ဇီမာတို့လို ကစားသမားတွေရဲ့ ထိုးဖောက်ထွက်ကစားမှုတွေကြောင့်ရယ် ဘာစီလိုနာဟာ နောက်ကနေပြီး ပြန်လိုက်ထိန်းရမယ့် အနေအထားမျိုးပါ။ ဘာစီလိုနာ ဘယ်လိုပဲ ခြေသာခြေသာ တကယ်လို့ အသာရခဲ့ရင်တောင် လိုင်ယွန်အပေါ်မှာ အသာရမှုက ကွာခြားချက်မကြီးမားနိုင်ပါဘူး။ လိုင်ယွန်ကသာ အိမ်ကွင်းမှာ ပရိသတ်တွေအတွက် မျက်နှာမပျက်ရအောင်လို့ သရေတော့ ကစားသွားမှာပါ။

အက်သလက်တီကို-ပေါ်တို

ပေါ်တိုမှာ ကစားသမားကောင်းတွေရှိပေမယ့်လည်း အက်သလက်တီကိုလို အသင်းမျိုးကိုတော့ ယှဉ်ရတာမလွယ်နိုင်ပါဘူး။ အက်သလက်တီကိုဟာ နည်းပြသစ် ပြောင်းထားတယ်၊ ဒါပေမယ့် နည်းပြသစ်ဟာ အတွေ့အကြုံပိုင်းမှာ အားနည်းနေနိုင်တာတောင် ကစားသမားကောင်းတွေဖြစ်တဲ့ ဖော်လန်နဲ့ အဂွေရိုတို့ကြောင့် အိမ်ကွင်းမှာ သေချာပေါက် အသာရနိုင်မှာပါ၊ ပေါ်တိုရဲ့ရုန်းအားဟာ အိမ်ရှင်အသင်းအပေါ်မှာ အခက်တွေ့နိုင်လောက်အောင် မစွမ်းဆောင်နိုင်တာကြောင့် အက်သလက်တီကိုသာ ရွေးထားရမယ့်ပွဲပါပဲ။ ။

(မြန်မာ့အလင်း)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅) အမှတ်(၈) ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅) အမှတ်(၈)၌ **'မြန်မာငွေတန်ဖိုးတက်လာခြင်းလား'** စီးပွားရေးပညာရှင် ဒေါက်တာအောင်ကိုကိုနှင့် ဖလားဝါးနယူးစ်တို့ တွေ့ဆုံမေးမြန်းခြင်း အင်တာဗျူးဆောင်းပါးနှင့်အတူ မြန်မာ့ထွက်ကုန် လေးထောင်ကျော် ကိုရီးယားသို့ အကောက်အခွန်မဲ့တင်ပို့နိုင်ပြီ၊ ပဲလောက အရှုပ်အထွေးဖြစ်ချိန် မတ်ပဲအများဆုံးဈေးကစားခံခဲ့ရ၊ မင်္ဂလာပွဲတွင် ရွှေအစစ်လက်ဝတ်ရတနာ ဆင်မြန်းလိုသူများအတွက် ဝန်ဆောင်မှုပေးနေ၊ ကမ္ဘာတစ်ဝန်းတွင် လုပ်သားလျှော့ချမှုများ ရှိသော်လည်း မြန်မာသဘော်သားတို့အတွက် အလုပ်မရှား၊ ဝန်ထမ်းများ အရည်အသွေး တိုးတက်စေမည့် ဘာသာရပ်များ ဖွင့်လှစ်ပို့ချမည် စသည့်ပြည်တွင်းရေးရာသတင်းများနှင့်အတူ **သူ့ဘဝ သူ့ဒဿန 'ဒါဟာ သမ္မာအာဇီဝကျတဲ့အလုပ်၊ သူများကို အမြတ်ထုတ်တာမဟုတ်ဘူး၊ ဈေးရောင်းပြီး ဘဝကို တိုးတက်အောင်ကြိုးစားမယ်'** ဦးသာထူး (တို့ဟူးသုပ်သည်)နှင့် စကားလက်ဆုံ၊ တစ်ပတ်စာ အရသာသစ် 'စင်ကာပူစတိုင်လ် ဂျပန်ခေါက်ဆွဲ' ကဏ္ဍသစ်၊ ချစ်ခြင်းကို နည်းနည်းလျှော့၊ မျက်မှောက်စိန်ဈေးကွက် အခြေအနေရှုမြင်သုံးသပ် ဆောင်းပါးများနှင့်အတူ ယနေ့ထွက်ရှိလာပြီဖြစ်သည်။

ဘားရတ်အိုဘားမားရေး၍ ကိုကို(စက်မှုတက္ကသိုလ်) ဘာသာပြန်ဆိုထားသော 'အဖေ့ဆီက အိပ်မက်များ (၁၃)'၊ 'နေတန်ယာဟုက အိုဘားမားကို အထောက်အကူပြုစေပါလိမ့်မယ်' အရှေ့အလယ်ပိုင်းကျွမ်းကျင်သူ ဒေးဗစ်ပိုလော့စ်နှင့် စပီဂျဲလ်မဂ္ဂဇင်းတို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ ရာသီဥတု ပြောင်းလဲခြင်းကြောင့် ခန့်မှန်းထားသည်ထက် ပိုမိုဆိုးရွားဖွယ်ရှိ၊ စင်ကာပူနိုင်ငံက နိုင်ငံခြားလုပ်သားတို့၏ကျွမ်းကျင်မှု စံနှင့်ပတ်သက်၍ တင်းကျပ်စွာကိုင်တွယ်၊ ပုံတူမျိုးပွားခြင်းကို ရှေ့ဆောင်ခဲ့သူ ကွယ်လွန်ပြီ၊ ဘင်္ဂလားဒေ့ရှ်မှ လယ်သမားတစ်ဦး ကြွက်သတ်ချန်ပီယံဘွဲ့ဆွတ်ခူး၊ ဗြိတိသျှအဘိဓာန်က ဆယ်ကျော်သက်တို့၏ ဗန်းစကားများနှင့် မျက်ခြည်မပျက်ရန်ကြိုးစား၊ အမေရိကန်ပြည်ထောင်စုရှိ အခြေခံမူလတန်းကျောင်းတစ်ကျောင်း ဘားရတ်အိုဘားမားကျောင်းအဖြစ် အမည်ပြောင်း၊ အိန္ဒိယ ကျောင်းဆရာများ စာသင်ချိန်၌ မိုဘိုင်းလ်ဖုန်းပြောဆိုခြင်း တားမြစ်ခံရစသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေး သုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် **e-Empire Media House** မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိထားသည်။

(သတင်းစဉ်)

မွန်ပြည်နယ်ရဲတပ်ဖွဲ့ ထမနဲထိုးပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မွန်ပြည်နယ်ရဲတပ်ဖွဲ့ မိသားစု၏ ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက်တွင် မော်လမြိုင်မြို့ရှိ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၌ကျင်းပရာ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး တင်မောင်မောင်က ပြိုင်ပွဲကျင်းပရခြင်းနှင့် ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲကိုကျင်းပသည်။ **(အပေါ်ပုံ)**

ပေးအပ်ချီးမြှင့်

ထို့နောက် ဆုပေးပွဲကျင်းပရာ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်မောင်မောင်က ပထမဆုရ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးအသင်း၊ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်မြင့်က ဒုတိယဆုရ ပြည်နယ်အရန်တပ်ခွဲအသင်းနှင့် မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရွှေအေးက တတိယဆုရ ယာဉ်ထိန်းတပ်ဖွဲ့ အသင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ပါဝင်ယှဉ်ပြိုင်

ပြိုင်ပွဲတွင် မွန်ပြည်နယ်ရဲတပ်ဖွဲ့ရှိ ပြည်နယ်၊ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့တို့မှ အသင်း ၁၀ သင်းပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ဥယျာဉ်ကျစ်ကျေးရွာ ပညာဥယျာဉ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ၁၀ရက်က အဆိုပါစာကြည့်တိုက်၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဒုတိယရဲမှူး ကံစိန်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးနှင့် ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်မိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မြစ်ကြီးနား၌ ကြက်ခြေနီဘာသာရပ် ပြန့်ပွားရေးနှင့် စေတနာသွေးလှူရှင်များ တိုးပွားရေးဆွေးနွေး

မြစ်ကြီးနား ဖေဖော်ဝါရီ ၁၈

ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီက ကြီးမှူး၍ ကြက်ခြေနီဘာသာရပ်ပြန့်ပွားရေးနှင့် စေတနာသွေးလှူရှင်များ တိုးပွားရေး ဟောပြောဆွေးနွေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက် နံနက် ၉နာရီက မြစ်ကြီးနားတက္ကသိုလ် ဗဟိုခန်းမ၌ကျင်းပသည်။

ဟောပြောဆွေးနွေး

အခမ်းအနားတွင် ကချင်ပြည်နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ပြည်နယ်ဦးစီးမှူး (ပထမတန်း) ဦးဂဲနက်(စ်)က ကြက်ခြေနီဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ ဟောပြောဆွေးနွေးပြီး ဒေါက်တာခင်မြမွန်က သွေးလှူဒါန်းခြင်းနှင့် ပတ်သက်၍ သိကောင်းစရာများကို ဟောပြောဆွေးနွေးကြောင်း သိရသည်။ (၀၀၃)

ဖျာပုံ အမက(၈၈)၌ ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်

ဖျာပုံ ဖေဖော်ဝါရီ ၁၅

ဖျာပုံမြို့နယ် ကျုံကူကျေးရွာအုပ်စု ကျုံကူတူးမြောင်းကျေးရွာ အမှတ်(၈၈)၊ အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၉ရက် နံနက် ၁၀နာရီက ယင်းကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအကျိုးတော်ဆောင် နာယက ဦးမောင်မောင်၊ ဥက္ကဋ္ဌ ဦးသောင်းညွှန့် (သတင်းထောက်)၊ဘဏ္ဍာရေးမှူး ဦးမြင့်အောင် (ဖိုးအောင်လေး)နှင့် ကျောင်းအုပ်ဆရာမကြီးဒေါ်သန်းသန်းအေးတို့က ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။

တက်ရောက်

ယင်းနောက် ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများအား စာပေနှင့် ပန်းချီအနုပညာရှင်များ၊ စာအုပ် လုပ်ငန်းရှင်များနှင့်မိတ်ဆွေများကပေးအပ်သော ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများကို တက်ရောက်လာကြသူများက ပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)** **(၁၃၈)**

မြဝတီခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ ကြီးကြပ်မှုဖြင့် ကရင်ပြည်နယ် မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကြင်ထွန်း၊ နယ်စပ်ဒေသမြို့ဖြစ်သော မြဝတီမြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးရဲဝင်းဦးဆောင်သော သန္ဓေနှင့်အရန် မီးသတ်တပ်ဖွဲ့ဝင်တို့ စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၁၇ရက်က မြဝတီမြို့ ဘုရင့်နောင်ဈေးတွင် မီးသတိမူရေးအတွက် ဆောင်ရွက်စဉ်။ (၀၀၈)

မိုးကောင်း၌ စံပြမိခင်နှင့်ကလေးပြိုင်ပွဲ ဆုပေးအပ်ချီးမြှင့်

မိုးကောင်း ဖေဖော်ဝါရီ ၁၅

(၆၂) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် စံပြမိခင်နှင့်ကလေးပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို မိုးကောင်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၄ နာရီကကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာခင်မောင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနာယက ဒေါ်စောကြည်က ပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆုပေးအပ်ချီးမြှင့်ပွဲကို ကျင်းပရာ စံပြမိခင်ဆု၊ အမြွှာဆု၊ နေ့ထူး နေ့မြတ်တွင် မွေးဖွားသူဆုနှင့် မွေးစမှ နှစ်နှစ်အထိ အုပ်စုလိုက်များတွင် ဆုရရှိသူ မိခင်နှင့်ကလေး စုစုပေါင်း ၃၇ ဦးအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

မြို့နယ် သတင်းများ

မြန်အောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော မကျီးကွင်း-တလုတ္တော် မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၃၁ရက်က လက်ထောက်အင်ဂျင်နီယာ ဦးစန်းမြင့်ဝင်းနှင့်အဖွဲ့ မြေတူးစက်ဖြင့် လုပ်ငန်းဆောင်ရွက်မှုကို ဧရာဝတီတိုင်းစည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးဇော်မျိုးထွေးနှင့် မြန်အောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်မြင့်မားရေး သင်တန်းဖွင့်

ပုသိမ် ဖေဖော်ဝါရီ ၁၅

ပုသိမ်တက္ကသိုလ်နှင့် တိုင်းပညာရေးတို့ ပူးပေါင်း၍ ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် အနီးကပ်သင်တန်းများကို ဖေဖော်ဝါရီ ၇ ရက်က ပုသိမ်မြို့ သာသနာ့ဗိမာန်နှင့် ကမ္ဘာ့အေးဘုန်းတော်ကြီးကျောင်းများ၌ ဖွင့်လှစ်သင်ကြားရာ ပုသိမ်တက္ကသိုလ်ကျောင်းအုပ်ကြီး ပါမောက္ခချုပ် ဦးလှတင့်အမှူးပြုသော ပါမောက္ခများ၊ ကထိကများက ဘာသာရပ်ဆိုင်ရာအလိုက် သင်ကြားပို့ချပေးကြသည်။ **(အောက်ပုံ)**

အဆိုပါသင်တန်းများသို့ ပုသိမ်မြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းများ ရွှေမြင်တင်၊ သလပ်ခွာ၊ ကံကြီးကျေးရွာများမှ ကျောင်းအုပ်ဆရာကြီးများ၊ ဆရာ ဆရာမများနှင့် တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုကြမည့် ကျောင်းသားကျောင်းသူ သုံးထောင်ကျော် တက်ရောက်ကြသည်။

သင်ကြားပေး

ထို့နောက် ဖေဖော်ဝါရီ ၉ရက်၊ ၁၀ရက်နှင့် ၁၁ရက်များကလည်း ရွှေသောင်ယံ၊ ချောင်းသာနှင့် ငွေဆောင်မြို့များရှိ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအား ဆက်လက်သင်ကြားပေးကြသည်။ **(၁၅၇)**

စပါးရိတ်သိမ်းစက်သရုပ်ပြပွဲ မန္တလေး၌ကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၈

မန္တလေးတိုင်းသမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌရုံးခန်းမ၌ ရန်ကုန်မြို့ စက်မှုလက်မှုကုန်ထုတ်သမဝါယမအသင်းစုချုပ်မှ တင်သွင်းဖြန့်ချိသည့် တရုတ်ပြည် ရှန်ဟိုင်းအနီး စက်မှုဇုန်မှထုတ်လုပ်သော စပါးရိတ်သိမ်းစက် (Portable Paddy Rice Harvester) သရုပ်ပြပွဲအခမ်းအနားကို ဇန်နဝါရီ ၂၉ ရက်က ကျင်းပသည်။

အခမ်းအနားတွင် အသင်းစုချုပ် ဥက္ကဋ္ဌ ဦးစိုးမြင့်အောင်က စပါးရိတ်သိမ်းစက်အနေဖြင့် လယ်တစ်ဧကရိတ်သိမ်းရန် နှစ်နာရီမှ နှစ်နာရီခွဲသာ ကြာမြင့်ကြောင်း၊ စပါးတစ်ဧကအတွက် စက်သုံးဆီ ၀ ဒသမ ၃၅ မှ ၀ ဒသမ ၄၂ ဂါလန်သာ ကုန်ကျသဖြင့် စရိတ်များစွာသက်သာကြောင်း၊ လယ်တစ်ဧက ရိတ်သိမ်းရန် လုပ်သားနှစ်ဦးသာ လိုအပ်ကြောင်း၊ တစ်နေ့အနည်းဆုံး လယ်သုံးဧကခန့် ရိတ်သိမ်းနိုင်ကြောင်း၊ တန်ဖိုးနည်းဝန်ပါ စပါးရိတ်သိမ်းစက်ဖြစ်၍ တောင်သူဦးကြီးများ စိတ်ပါဝင်စားမှာဖြစ်ကြောင်း၊ လိုအပ်ပါကမန္တလေးတိုင်း သမဝါယမအသင်းစုချုပ်မှ မှာယူဖြန့်ချိပေးမှာဖြစ်ကြောင်း၊ လက်ငင်းငွေချေစနစ်၊ အရစ်ကျစနစ်တို့ဖြင့် မိမိတို့နှစ်သက်သလို ဝယ်ယူရောင်းချနိုင်ကြောင်း ရှင်းလင်းပြောကြားသည်။

စိတ်ဝင်စား

ထို့နောက် စပါးရိတ်သိမ်းစက် ကိုင်တွယ်လုပ်ဆောင်မှုကို လက်တွေ့ပြသ၍ တက်ရောက်လာသူများ၏သိလိုသည့်အချက်များကိုရှင်းလင်းဖြေကြားသည်။ စက်မှာ ပေါ့ပါးကျစ်လျစ်၍ အသုံးပြုရလွယ်ကူပြီး ဈေးနှုန်းချိုသာသဖြင့် စိတ်ဝင်စားမှုရှိကြကြောင်းသိရသည်။ **(၀၉၀)**

တောင်ငူမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီးမှူး စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြော

တောင်ငူ ဖေဖော်ဝါရီ ၂၀

တောင်ငူမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့မှကြီးမှူး၍ ဇန်နဝါရီ၃၁ရက် နံနက်ပိုင်းက တောင်ငူပညာရေးကောလိပ် သီရိရတနာခန်းမ၌ ၁၃၇၀ပြည့်နှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကျင်းပရာ တောင်ငူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ အမှုဆောင်ဦးယုလွင်(မောင်ကြေးစည်-တောင်ငူ)က ၁၃၇၀ပြည့်နှစ် စာဆိုတော်နေ့ ဗဟိုမှပေးပို့သော သဝဏ်လွှာကိုဖတ်ကြားသည်။

ဆက်လက်၍ ရန်ကုန်မြို့မှ စာရေးဆရာကြီးများဖြစ်ကြသည့် လယ်တွင်းသားစောချစ် **(အပေါ်ပုံ)**နှင့် မြင်းမူမောင်နိုင်မိုးတို့က စာပေရေးရာများကို ဟောပြောကြပြီး စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးပွင့်သူအောင်(တက္ကသိုလ် ပွင့်သူအောင်)၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးဦးစိုးမင်းနှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူးဦးမြသိန်း(တောင်ငူ-အောင်ထူး)တို့က တောင်ငူခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့မှ ဂုဏ်ပြုလက်ဆောင်များကို စာရေးဆရာကြီးများထံ ပေးအပ်ကြသည်။ (ဝ၅၂)

ကျိုက်ထိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် လုပ်ငန်းဖြစ်သော သဇင်လမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနို ကြည့်ရှုစစ်ဆေးရာအမှုဆောင်အရာရှိ ဦးနေထက်ရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရဲလွင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စစ်ကိုင်းမြို့ စာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်း

စစ်ကိုင်း ဖေဖော်ဝါရီ ၁၂

စစ်ကိုင်းမြို့ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၀ရက် မွန်းလွဲ ၂နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌဦးအောင်မိုးက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဦးမောင်ကိုက စံ(၅)ရပ်နှင့်အညီ ခိုင်မာအဆင့် စာကြည့်တိုက်များ ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများမှ လှူဒါန်းသည့် သုတရသ၊ မဂ္ဂဇင်း၊ ဂျာနယ်နှင့်စာစောင်များကိုမြို့နယ်ဥက္ကဋ္ဌက ခရိုင်ဦးစီးအရာရှိသို့ ပေးအပ်သည်။**(ယာပုံ)**

အဆိုပါအလှူရှင်များ၏ စုပေါင်းလှူဒါန်းမှုမှာ တန်ဖိုးငွေကျပ် ၂၇၉၆၀၀ရှိ သုတရသမဂ္ဂဇင်း၊ ဂျာနယ် ၁၈၉၈ အုပ်ဖြစ်ကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**



နွေစပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပွဲ သနပ်ပင်၌ကျင်းပ

သနပ်ပင် ဖေဖော်ဝါရီ ၈

သနပ်ပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ နွေစပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၇ရက်က ဈေးပိုင်းရပ်ကွက် လယ်သမားကြီး ဦးသန်းရွှေ၏ စပါးငါးဧကလယ်မြေ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှူးဒေါ်မြင့်သိန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ငွေငွေနှင့်အသင်းဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအောင်ဇော်ဝင်းနှင့် ဝန်ထမ်းများက ငါးခုံးမကြီးကောင်ရေ ၁၀၀၀၀၀ကို နွေစပါးဧက ၂၀၀အတွင်း ငါးမျိုးစိုက်ထည့်ပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**



နောင်ချိုမြို့နယ်၌ ကျေးလက်လမ်းဖောက်

နောင်ချို ဖေဖော်ဝါရီ ၄

နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် သရက်ကုန်း- သံဘို-ဘန့်ဘွေးကျင်း ကျေးလက်မြေသားလမ်းဖောက်လုပ်ခြင်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးခိုင်မင်းထွန်း လုပ်ငန်းဆောင်ရွက်ရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရဲထွန်းတို့ ကွင်းဆင်းကြီးကြပ်ပေးသည်။ **(အပေါ်ပုံ)**

အဆိုပါလမ်းမှာ အရှည် ၃မိုင်၇ဖာလုံ၊ အကျယ်ပေ ၂၀ရှိပြီး အဖွဲ့ရန်ပုံငွေကျပ် ၁၀၇၆၀၀၀၀ဖြင့် အကုန်အကျခံဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒူဝါဇော်လွန်လမ်း ကတ္တရာလမ်းသစ်ဖွင့်

ဝိုင်းမော် ဖေဖော်ဝါရီ ၁၆

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူပြီးခင်းသော အမှတ် ၃ရပ်ကွက်ရှိ ဒူဝါဇော်လွန်လမ်း အရှည်ပေ ၁၁၈၀၊ အကျယ် ၁၂ပေကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ရက် နံနက် ၈နာရီက အဆိုပါလမ်းသစ်မုခ်ဦး၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ကတ္တရာလမ်းသစ်နှင့် ပတ်သက်၍ မြို့နယ်စည်ပင်သာယာရေး၊ အဖွဲ့တာဝန်ခံအင်ဂျင်နီယာ ဦးသန်းထွန်းဝင်းက ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများကိုယ်စား ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးရှော်ဝါဒေါင်လွမ်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ကတ္တရာလမ်းသစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးငွေလွင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

တောင်တွင်းကြီးမြို့ သီလရွာ-ပွင့်လှကြီး ကျေးလက်ကျောက်ချောလမ်း ခင်းခြင်းလုပ်ငန်းကို တာဝန်ခံ အင်ဂျင်နီယာ ဦးမင်းမင်း ဆောင်ရွက်ရာ၌ ဒီဇင်ဘာ ၂၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်ဝင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)

ရန်ကုန်အဝေးသင်တက္ကသိုလ်
e-Education Learning Centre
သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

(တနင်္လာမှသောကြာ) နံနက် ၈ နာရီမှ ၁၀ နာရီအထိ
(စနေ၊ တနင်္ဂနွေ) နံနက် ၈ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိ

၂၃-၂-၂၀၀၉(တနင်္လာနေ့)
- ☐ Developing Writing Skills
  - တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ☐ Integrated Skills
  - တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၂၄-၂-၂၀၀၉(အင်္ဂါနေ့)
- ☐ Psycholinguistics(3,4,5)
  - တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ☐ Error Analysis(1,2,3)
  - တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၂၅-၂-၂၀၀၉(ဗုဒ္ဓဟူးနေ့)
- ☐ Asking For and Giving Direction
  - တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ☐ Making Offers and Request I+II
  - တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ☐ Making Suggestions
  - တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ☐ Making Comparison
  - တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၂၆-၂-၂၀၀၉(ကြာသပတေးနေ့)
- ☐ Talking About Past Habits
  - တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ☐ Talking About Future Plans and Intentions
  - တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ☐ Talking About Leisure Activities
  - တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၂၇-၂-၂၀၀၉(သောကြာနေ့)
- ☐ Describing Places
  - တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ☐ Talking About Families
  - တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ☐ Expressing Likes and Dislikes
  - တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၂၈-၂-၂၀၀၉(စနေနေ့)
- ☐ History of Psychology
  - ပထမနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Memory I
  - ပထမနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Memory II
  - ပထမနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ The Earth and its Movement
  - ပထမနှစ် ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Condensation
  - ပထမနှစ် ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ The Global Ocean
  - ပထမနှစ် ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Landform Classification
  - ပထမနှစ် ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ

၁-၃-၂၀၀၉(တနင်္ဂနွေနေ့)
- ☐ The Nature And The Meaning of Law
  - ပထမနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ The State
  - ပထမနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Functions and Duties of the Law Officers
  - ပထမနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Legal Concept of Possession
  - ပထမနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Legal Rights
  - ပထမနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Judicial Administration
  - ပထမနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Measures of Dispersion
  - ပထမနှစ် ပြည်သူ့ရေးရာအထူးပြု ကျောင်းသား ကျောင်းသူများ

22-2 (16).pmd 1 2/22/2009, 2:04 AM



လဂြိုဟ်ပေါ်တွင် ရေတွေ့ပြီ

ဘာသာပြန်သတင်းမှတ်စု - မိုးမြင့်လင်းလက်

လဂြိုဟ်လေ့လာရေးယာဉ်မှ ရိုက်ကူးပေးပို့သည့် ဓာတ်ပုံအရ လဂြိုဟ်၏ မျက်နှာပြင်ပေါ်တွင် ရေအနည်းငယ် တွေ့ရှိရကြောင်း အမေရိကန်သုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်။

ချိုင့်ကျင်းကြီး

လဂြိုဟ်၏ မျက်နှာပြင်ကို အနီးကပ်ရိုက်ကူးထားသော ဓာတ်ပုံအရ လမျက်နှာပြင်၏ မြောက်ဘက်အစွန်းနေရာတွင် ချိုင့်ကျင်းကြီးတစ်ခုအတွင်း ရေအနည်းငယ်ရှိနေသည်ကို တွေ့ရှိရသည်ဟု အမေရိကန်နိုင်ငံ အိုဟိုင်းယိုးတက္ကသိုလ်မှ သုတေသနပညာရှင် စီကေရှမ်က ပြောကြားသည်။ စာမျက်နှာ ၁၃ ကော်လံ ၇ ❐

မော်ရင်ဟိုနဲ့ ဖာဂူဆန်တို့ရဲ့ အားစမ်းပွဲ ကြည့်ကြရအောင်

ချန်ပီယံလိဂ်ပွဲအကြို - ထွန်းထွန်းဦး(လှိုင်) ❖ စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို (မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၂၁

၂၄-၂-၂၀၀၉ (ပထမနေ့)

ချန်ပီယံလိဂ်ပထမအဆင့်ရှုံးထွက်ပွဲစဉ်များ

ချန်ပီယံလိဂ်ပထမအဆင့် ရှုံးထွက်ပွဲစဉ်များကို ဖေဖော်ဝါရီ ၂၄ ရက်နဲ့ ၂၅ ရက်တို့မှာ အသီးသီး ကစားကြမှာဖြစ်ပါတယ်။ ၂၄ ရက်မှာကစားကြမယ့်ပွဲစဉ်တွေမှာတော့ အင်္ဂလန်အသင်းနှစ်သင်းဖြစ်တဲ့ အာဆင်နယ်နဲ့ မန်ယူတို့ အီတလီကလပ်နှစ်သင်းဖြစ်တဲ့ ရိုးမားနဲ့ အင်တာမီလန်တို့လိုအသင်းတွေနဲ့လာဆုံလို့ ပရိသတ်တွေအတွက်တော့ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ ဒီပွဲစဉ် နှစ်ပွဲကြောင့် လိုင်ယွန်နဲ့ ဘာစီလိုနာ၊ အက်သလက်တီကိုနဲ့ ပေါ်တိုတို့လို ပွဲတွေတောင်မှ လူတွေရဲ့အာရုံစိုက်မှု အနည်းငယ်လျော့သွားသလိုဖြစ်ခဲ့ရတယ်။ အထူးသဖြင့် အင်တာမီလန်နဲ့ မန်ယူတို့ဆုံတဲ့ပွဲက နည်းပြနှစ်ဦးဖြစ်တဲ့ မော်ရင်ဟိုနဲ့ ဖာဂူဆန်တို့ရဲ့ အားစမ်းပွဲဟာ စောင့်ကြည့်ဖို့ကောင်းနေပါတယ်။

စာမျက်နှာ ၁၁ ကော်လံ ၁ ●

မန်ယူအသင်း၏ အားထားရသော တိုက်စစ်မှူး ရွန်နေနှင့် စီရိုနယ်ဒိုတို့၏ အောင်ပွဲခံဟန်။

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

နံနက်ပိုင်းစားသည့် ဆားဓာတ်မပါသော အစားအစာများ သွေးတိုးနှင့် ဆီးချိုဖြစ်ပွားရန် အခွင့်အလမ်းနည်း

နံနက်စောစော စားသုံးရာတွင် ဆားလုံးဝမပါသော အစားအစာများကိုသာ ရွေးချယ်စားသုံးသင့်ကြောင်း ဂျာမနီနိုင်ငံမှ သုတေသနပညာရှင်များက သတိပေး ပြောကြားလိုက်သည်။

ပိုမိုစုပ်ယူ

လူတို့အနေဖြင့် နေ့လယ်ပိုင်းနှင့် မွန်းလွဲပိုင်းအစားအစာများကို စားသုံးခြင်းထက် နံနက်ပိုင်းအစားအစာတွင်ပါရှိသော အာဟာရဓာတ်များကို ခန္ဓာကိုယ်အစိတ်အပိုင်းများက ပိုမိုစုပ်ယူတတ်ကြသည်ဖြစ်ရာ အငန်ဓာတ်များကို အူနှင့်အစာအိမ်များက ပိုမိုစုပ်ယူကြကြောင်းသိရသည်။

ပျမ်းမျှအနေဖြင့် လူတို့တွင် နေ့စဉ် ၁ ဒသမ ၄ ဂရမ်ခန့် ဆားဓာတ်ဆုံးရှုံးလျက်ရှိရာ နေ့လယ်နှင့်မွန်းလွဲပိုင်းတို့၌ ပိုမိုဆုံးရှုံးမှုများသလို အစားအစာများမှ စာမျက်နှာ ၉ ကော်လံ ၁ ■

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

နိုင်ငံတော်အစိုးရဘက်က အပြုသဘောဆောင်တဲ့ တုံ့ပြန်မှုတွေ၊ မစ္စတာကင်တားနားရဲ့ အကြံပြုချက်ကို အလေးထားစဉ်းစားပြီး ပူးပေါင်းဆောင်ရွက်ဖို့ သဘောတူခဲ့တာတွေဟာ ထူးခြားတဲ့တိုးတက်ဖြစ်ထွန်းမှုတွေလို့ ဆိုနိုင်ပါတယ်။ ဒီခရီးစဉ်ရဲ့ နောက်ဆက်တွဲရလဒ်အဖြစ် အကျဉ်းထောင်တွေက နောက်ထပ်အကျဉ်းသားပေါင်း ခြောက်ထောင်ကျော် (၆၃၁၃ ဦး)ကို ထပ်ပြီးလွတ်ငြိမ်းခွင့်ပေးခဲ့တာဟာလည်း နောက်ထပ်အပြုသဘောဆောင်တဲ့ကိစ္စလို့ ဆိုရမှာပါပဲ။

လှိုင်အောင်၏ အပွေးမြင် အပင်သိ ဆောင်းပါး စာ - ၁၀ တွင် ဖတ်ရှုနိုင်ပါသည်

တိုင်းရင်းသားသွေးချင်းများထံ လွယ်လင့်တကူ ပေါင်းကူးဆက်သွယ်ပေးထားသည့် စစ်ကိုင်းတိုင်း ကလေးဝရှိ မြစ်သာမြစ်ကူးတံတား



သတင်းမှတ်စု - နုနုရီနှင့် တင်မာဝင်း
ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း
စာမျက်နှာဖွဲ့စည်းမှု - တိုးလွင် (မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၂၁

နိုင်ငံတော်အစိုးရသည် ပြည်နယ်နှင့် တိုင်းများ ဖွံ့ဖြိုးလာစေရန် ဒေသတစ်ခုနှင့်တစ်ခုအကြား စီးပွားရေးကွာဟနေမှု၊ လူနေမှုကွာဟမှုများ လျော့နည်းကျဆင်းလာစေရန် လမ်းများ၊ တံတားများကို နိုင်ငံတော်တစ်နံတစ်လျား၌ တည်ဆောက်ဖောက်လုပ်ပေးလျက်ရှိရာ စစ်ကိုင်းတိုင်း ကလေးဝမြို့နယ် ကလေးဝမြို့အဝင် ကလေး-မုံရွာ ကားလမ်းပေါ်ရှိ မြစ်သာတံတား(ကလေးဝ)ကို ၂၀၀၄ ခုနှစ် ဇွန် ၁၂ ရက်က ဖွင့်လှစ်ပေးခဲ့သည်။

သံပေါင်ကြိုးတံတား

မြစ်သာတံတား(ကလေးဝ) တံတားအမျိုးအစားမှာ သံပေါင်ကြိုးတံတားဖြစ်ပြီး တံတားတစ်ဖက်တစ်ချက်စီတွင် ပေ ၆၀×၆ခန်းစီ ပါသည့် သံကူကွန်ကရစ် ချဉ်းကပ်တံတားနှစ်ဖက်နှင့် ပင်မတံတားပေအရှည် ၆၀၀၊ သံပေါင်ကြိုးတံတား စုစုပေါင်းတံတားအရှည်ပေ ၁၃၂၀ ရှိကာ ယာဉ်သွားလမ်းအကျယ် ၂၈ပေ၊ လူသွားလမ်း လေးပေစီ၊ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေမှာ အကျယ်ပေ ၅၀၀နှင့် အမြင့် ၁၄ ပေရှိသည်။

စာမျက်နှာ ၉ ကော်လံ ၁ ✻